ကြေးမုံ

The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ တနင်္လာနေ့ (8-4-2013) (၇၄၄၉)

"အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး ၂၀၁၃ အနေဖြင့် နိုင်ငံအားလုံးနှင့် နိုင်ငံသားအားလုံးတို့၏ အခြေခံကျသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်၊ မဟာဗျူဟာများနှင့် အောင်မြင်နိုင်မည့် နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်"

မြန်မာနိုင်ငံသည် အာရှ၏ အရှေ့/အနောက် ဆက်သွယ်မှုဆိုင်ရာ အချက်အချာနေရာတွင် တည်ရှိနေ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်

နေပြည်တော် ဧပြီ ၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့၌ ကျင်းပသည့် ဘိုအောဖိုရမ် အစည်းအဝေး (Boao Forum For Asia Annual Conference 2013) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်မိန့်ခွန်းပြောကြားသည်။ (အပေါ်ပုံ)

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် ခေတ္တတည်းခိုသည့် စန်းယမြို့မှ ဘိုအောမြို့ရှိ Boao International Conference Center သို့ မော်တော်ယာဉ်ဖြင့် ရောက်ရှိပြီး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် Convention Hall ၌ ကျင်းပသည့် ဘိုအောဖိုရမ် အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားသို့ ကမ္ဘာ့နိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ဥက္ကဋ္ဌများ၊ အာရှဘိုအောဖိုရမ် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့ဝင်များ၊ ဟိုင်နန်ပြည်နယ် ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ဦးသန့် ယခင်နေထိုင်ခဲ့သည့် နေအိမ်နှင့် မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။ (သတင်းစဉ်)

ဦးသန့်၏ဘဝနှင့် ဆောင်ရွက်ခဲ့သော တာဝန်ဝတ္တရားများကို လေ့လာနိုင်မည့် ဦးသန့်နေအိမ်နှင့် ပြတိုက်ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၇

ဦးသန့်နေအိမ်နှင့် ပြတိုက်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပန်းဝါလမ်း အမှတ်(၃၁)ရှိ ဦးသန့် ယခင်နေထိုင်ခဲ့သည့် အဆောက်အအုံမျက်နှာစာ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးစိုးသိန်း၊ ဦးအောင်မင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ဦးသန့်နေအိမ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်၊ Yangon Heritage Trust တည်ထောင်သူနှင့်ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအောင်မင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့သည် ဧည့်သည်တော်မှတ်တမ်း၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ဦးသန့်နေအိမ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက အမှာစကားပြောကြားရာတွင် ဦးသန့်သည် မြန်မာနိုင်ငံသာမက နိုင်ငံတကာမှခေါင်းဆောင်များက လေးစားတန်ဖိုးထားသူဖြစ်ကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးသာမက ပြည်တွင်းငြိမ်းချမ်းရေးကိုလည်း **စာမျက်နှာ ၆ ကော်လံ ၁ သို့** ◯

Urethane Seal
http://tinyurl.com/mdocRef
Original

မှန် ဒေါက်တာ

U.S.
09-4211 51119, 09-4500 54449
www.MhanDoctor.com
facebook.com/MhanDoctor

ကြေးမုံစာတည်းရှုထောင့် ၈-၄-၂၀၁၃ (တနင်္လာနေ့)

နိုင်ငံနှင့်ပြည်သူအကျိုးဖြစ်ထွန်းမည်

မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့သည် နှစ်ပေါင်းရှည်ကြာ ချစ်ကြည်ရင်းနှီးစွာဆက်ဆံနေထိုင်ကြသော နိုင်ငံများဖြစ်သည်။ နှစ်နိုင်ငံခေါင်းဆောင်များအနေဖြင့်လည်း အပြန်အလှန် သွားရောက်လည်ပတ်၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဧပြီ ၅ ရက်နေ့က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ်သွားရောက်ပြီး နှစ်နိုင်ငံချစ်ကြည်ရင်းနှီးရေး၊ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို တရုတ်နိုင်ငံခေါင်းဆောင်များနှင့် အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က "မိမိတို့ နှစ်နိုင်ငံအကြား နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့မမျှော်မှန်းနိုင်သည့် အခက်အခဲများကိုလည်း ကြုံတွေ့ရပါကြောင်း၊ ယင်းအခက်အခဲများကိုလည်း မိမိတို့နှစ်ဖက် အပြန်အလှန် နားလည်မှုရှိရှိဖြင့် စိတ်ရှည်သည်းခံပြီး နှစ်ဦးနှစ်ဖက်ရေရှည်အကျိုးကိုမျှော်ကိုး ဖြေရှင်းဖော်ဆောင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း" ပြောကြားသွားခဲ့သည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှုနယ်ပယ်အသီးသီးတွင် အစဉ်အဆက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရသည်။ လက်ရှိအနေအထားအရ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရသည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုများကို ပြိုင်ဆိုင်လုပ်ကိုင်လာကြရာတွင် ရေရှည်လုပ်ကိုင်နိုင်ရန် နိုင်ငံတကာအဆင့်သတ်မှတ်ထားသည့်စံနှင့် သတ်မှတ်ချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း အသိပေးပြောကြားသွားခဲ့သည်ကိုလည်း တွေ့ရသည်။

ဒေသခံပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ စောင့်ရှောက်သည့် တာဝန်သိ ရင်းနှီးမြှုပ်နှံသူများအဖြစ် တရုတ်စီးပွားရေးကုမ္ပဏီများအပေါ် သတ်မှတ်ယုံကြည်လာအောင် ပြုလုပ်ပေးသွားမည်ဟု ယုံကြည်ပါကြောင်းလည်း အသိပေးတိုက်တွန်းပြောကြားထားသည်။

မြန်မာနိုင်ငံမှ လယ်ယာစိုက်ပျိုးရေး ထွက်ကုန်များဖြစ်သည့် ဆန်၊ ပြောင်းနှင့်ရော်ဘာတို့ကို တရုတ်နိုင်ငံသို့တင်ပို့ရာတွင် တရုတ်နိုင်ငံ၏ ကုန်ပစ္စည်းအရည်အသွေးနှင့် ပိုးမွှားကင်းစင်မှု စစ်ဆေးရေးစံနှုန်းများနှင့် ကိုက်ညီတင်ပို့ခွင့် မရသေးသည့်အတွက် အမြန်ဆုံးတင်ပို့ခွင့်ရရှိရေးကိုလည်း အသိပေးပြောကြားထားသည်။

တရုတ်နိုင်ငံသည် မြန်မာနိုင်ငံရှိ စီးပွားရေးနယ်ပယ်အသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုအများဆုံး လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံသို့ သွင်းကုန်များနှင့် မြန်မာနိုင်ငံမှပို့ကုန်များ အများဆုံးကူးသန်းရောင်းဝယ်မှုပြုသည့် နိုင်ငံလည်းဖြစ်သည်။

ထိုသို့ ကူးသန်းရောင်းဝယ်ရင်းနှီးမှုပြုကြရာ၌ ကြုံတွေ့နေရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကို နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ အကျိုးစီးပွားကိုရှေးရှု၍ ခရီးစဉ်အတွင်း အလေးထားပြောကြားသွားသည့်အတွက် များစွာဝမ်းမြောက်မိကြမည်ဖြစ်သည်။

တရုတ်နိုင်ငံခေါင်းဆောင်ကလည်း တရုတ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုကို ဒေသတွင်း ပတ်ဝန်းကျင်နိုင်ငံများအားလုံး မျှဝေဖွံ့ဖြိုးတိုးတက်လာအောင်ဆောင်ရွက်သွားရေး၊ အပြန်အလှန်နားလည်မှုရှိရှိဖြင့် ပြဿနာများဖြစ်ပွားပါက အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်နိုင်ရေး၊ မြန်မာ-တရုတ် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး စသည့်အကျိုးဖြစ်ထွန်းဖွယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဟုဆိုထားပါသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ တရုတ်နိုင်ငံခရီးစဉ်သည် မြန်မာနိုင်ငံနှင့်နိုင်ငံသားများအတွက် အကျိုးရလဒ်ကောင်းများစွာ ဖြစ်ထွန်းမည့် ချစ်ကြည်ရေးခရီးဟု ကြေးမုံကရှုမြင်ပါသည်။ ။

လမ်းမတော်မြို့နယ်အတွင်း ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်း ကွင်းဆင်းကောက်ယူ

နေပြည်တော် မေ ၇

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၅)ရပ်ကွက် (၁၁)လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မေ ၅ ရက် နံနက်ပိုင်းတွင် သွားရောက်၍ ၂၀၁၃ ခုနှစ် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနေသည့် မြို့နယ်နှင့်ရပ်ကွက် သန်းခေါင်စာရင်းကော်မတီဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်ဆရာမများ၊ အထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင် လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံသည်။**(ယာပုံ)**

ထို့နောက် လမ်းမတော်မြို့နယ် (၁၁)လမ်း၌ စာရင်းကောက်ဆရာမများက စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်နေမှု၊ မိသားစုဝင်များအား သန်းခေါင်စာရင်းမေးခွန်းပုံစံပါ အချက်အလက်များ မေးမြန်းဖြည့်သွင်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပြည်သူများအားသန်းခေါင်စာရင်းကောက်ယူရခြင်းအကြောင်းနှင့် ပြည်သူများ ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များ၊ စာရင်းစစ် စာရင်းကောက်ဆရာမများ၊ သန်းခေါင်စာရင်းကောက်ယူရေး အထောက်အကူပြုအဖွဲ့ဝင် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ ၂၀၁၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမည့် လုပ်ငန်းအောင်မြင်ရေးအတွက် အကြိုအဖြစ် ယခုမတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှု၊ စမ်းသပ်ကောက်ယူမှု၏ အတွေ့အကြုံ၊ လုပ်ငန်းလိုအပ်ချက်၊ အားသာချက် အားနည်းချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်၍ ပြည်လုံးကျွတ်အဆင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအစဉ်၊ လက်ရှိဆောင်ရွက်နေမှုများအပေါ် ပြည်သူများ၏တုံ့ပြန်မှုနှင့် လုပ်ငန်းအခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြနိုင်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တာဝန်ရှိသူများက စမ်းသပ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်မှု၊ မတ် ၃၀ ရက်မှစ၍ ယခုအထိ ကောက်ကွက်အလိုက် စာရင်းကောက်ယူပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်အခြေအနေ၊ သန်းခေါင်စာရင်းကောက်ယူရာတွင် လုပ်ငန်းအတွေ့အကြုံများ၊ ဖြည့်ဆည်းပေးစေလိုသည့် လုပ်ငန်းလိုအပ်ချက်များကိုရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးဝင်းမြင့်က လုပ်ငန်းဆိုင်ရာများကို ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဝင်များ စာရင်းစစ်၊ စာရင်းကောက်ဆရာမများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အထောက်အကူပြုအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုဂ္ဂလိကငွေလဲလှယ်လုပ်ပိုင်ခွင့်များ သက်ဆိုင်ရာမှခွင့်ပြုထားပြီးနောက် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းမကြီးပေါ် SAKURA တာဝါအနီး Media Corner နှင့် တွဲဖက်၍ဖွင့်ထားသော Money Changer (တရားဝင် ငွေလဲလှယ်ရာ)နေရာ၌ နိုင်ငံခြားသားခရီးသွားဧည့်သည်များ လဲလှယ်လာကြသည်ကို ဧပြီ ၂ ရက်ကတွေ့ရစဉ်။

စိုးဝင်း(MLA)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ပုသိမ်မြို့ ဘောလုံးအကယ်ဒမီ သင်တန်းကျောင်းနှင့် စက်မှုဇုန်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေး

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ပုသိမ်မြို့ စက်မှုဇုန် ရှင်းလင်းဆောင်၌ စက်မှုလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နေပြည်တော်　ဧပြီ　၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့် အဖွဲ့ဝင်များသည် ဧပြီ ၇ ရက် နံနက်ပိုင်းတွင် ပုသိမ်မြို့ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းသို့ ရောက်ရှိကြရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများက သင်တန်းကျောင်းနှင့် အားကစားရုံအတွင်း လိုက်လံရှင်းလင်းပြသကြပြီး ဧည့်ခန်းမဆောင်တွင် မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်ပျိုးထောင်ပေးနေမှုနှင့် လိုအပ်ချက်များ တင်ပြမှုအပေါ် ဒုတိယသမ္မတက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ပုသိမ်မြို့ ဘောလုံးအကယ်ဒမီသင်တန်းကျောင်းရှိ အားကစားရုံအတွင်း လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးစဉ်။
(သတင်းစဉ်)

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ စက်မှုဇုန်ရှင်းလင်းဆောင်ခန်းမသို့ ရောက်ရှိရာ မြို့မိမြို့ဖများနှင့် စက်မှုလုပ်ငန်းရှင်များက စက်မှုဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတက တင်ပြချက်အပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာ၌ နိုင်ငံတော်တွင် စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများအပါအဝင် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စွမ်းအင်၊ ရေနှင့် လမ်းပန်းဆက်သွယ်မှုစသည့် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်ရေး၊ ဘဏ္ဍာငွေကြေးအရင်းအမြစ်များ စီးဝင်ရေး၊ တီထွင်ဖန်တီးနိုင်စွမ်းနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွန်းရေး၊ သတင်းအချက်အလက်နှင့် သုတေသနလုပ်ငန်းများ လျင်မြန်စွာဖွံ့ဖြိုးစေရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြှင့်တင်နိုင်ရေးတို့အပေါ် မူတည်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းများအောင်မြင်ရန် အရင်းအနှီးနှင့် နည်းပညာများ ရရှိမှုသည် အရေးကြီးသည့်အတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ရမည်ဖြစ်ကြောင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကြောင့် ပြည်တွင်းရှိ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ၂၀၁၅ ခုနှစ် အာဆီယံလွတ်လပ်သော ကုန်သွယ်မှု သဘောတူညီချက်အရ စီးဝင်လာမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် ထုတ်လုပ်မှု အရည်အသွေးများ မြင့်မားတိုးတက်လာရေးအတွက် မူဝါဒများ ချမှတ်ကာ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် စက်မှုဇုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျယ်တဝင့် ဆွေးနွေးမှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့မှ နေပြည်တော်သို့ ပြန်လည်ထွက်ခွာကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပုသိမ်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြပြီး မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးပေါ်ဖုန်းနံပါတ်များနှင့် ပြည်သူတို့၏ နစ်နာချက်များ တိုင်ကြားနိုင်သောဖုန်းနံပါတ်များ ထုတ်ပြန်ကြေညာ

နေပြည်တော်　ဧပြီ　၇

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က ပြည်သူတို့၏ လုံခြုံရေးအား ကူညီဆောင်ရွက်ရန်နှင့် ပြည်သူလူထုမှ ပူးပေါင်းကူညီရန်အတွက် ထူးခြားဖြစ်စဉ်သတင်းများ၊ ပြည်သူလူထု၏နစ်နာချက်များ၊ ရဲတပ်ဖွဲ့များ၏ ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်အလွဲသုံးစားပြုလုပ်မှုများ၊ အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ တိုင်ကြားနိုင်ရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်ရဲတပ်ဖွဲ့များတွင် အရေးပေါ် Hot Line ဖုန်းနံပါတ် ၁၉၉ တယ်လီဖုန်းများ၊ အော်တိုတယ်လီဖုန်းများ တပ်ဆင်ပေးထားကြောင်း သိရှိရသည်။

အဆိုပါဖုန်းနံပါတ်များအား အများပြည်သူတို့ သိရှိဆက်သွယ်နိုင်ကြောင်းနှင့် ၎င်းဖုန်းများသို့ ဆူပူမှု၊ နှောင့်ယှက်မှုများ မပြုလုပ်ကြပါရန်လည်း မေတ္တာရပ်ခံထားကြောင်း။

အရေးပေါ် Hot Line တယ်လီဖုန်းအမှတ် ၁၉၉ တပ်ဆင်ထားသော ရဲတပ်ဖွဲ့များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ နေပြည်တော်ရဲတပ်ဖွဲ့၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့များ၊ စစ်ကိုင်း၊ တနင်္သာရီ၊ ပဲခူး၊ မကွေး၊ မန္တလေး၊ ရန်ကုန်၊ ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့များဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့တွင် အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးများတွင် လည်းကောင်း၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တွင် အမှတ်(၁) ရဲတပ်ဖွဲ့စခန်း၊ တောင်ကြီးမြို့၊ ဒုတိယ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ လားရှိုးမြို့နှင့် ကျိုင်းတုံရဲတပ်ဖွဲ့စခန်း ကျိုင်းတုံမြို့တို့၌ လည်းကောင်း တပ်ဆင်ထားကြောင်း သိရသည်။

ပြည်သူလူထုမှ နစ်နာချက်များ တိုင်ကြားနိုင်သော ဖုန်းနံပါတ်များမှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် ၀၆၇-၄၁၂၂၂၂ နှင့် ၀၆၇-၄၁၂၄၄၄၊ နေပြည်တော်ရဲတပ်ဖွဲ့ ၀၆၇-၅၅၀၃၃၃၊ ကချင်ပြည်နယ် ရဲတပ်ဖွဲ့ ၀၇၄-၂၁၄၄၄၊ ကရင်ပြည်နယ် ရဲတပ်ဖွဲ့ ၀၅၈-၂၃၃၅၅၊ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၇၁-၂၄၉၉၆၊ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၅၉-၂၃၉၉၈၊ ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၅၂-၂၃၉၉၉၊ မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၆၃-၂၈၀၉၉၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၂-၆၁၄၄၄၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့ ၀၅၇-၂၄၉၈၇၊ ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ ၀၄၃-၂၂၈၃၃၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ၀၁-၂၃၀၂၁၉၉၊ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ ၀၈၁ -၂၁၂၅၄၅၅၊ ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ၀၄၂-၂၃၈၄၄ တို့ဖြစ်ကြသည်။

(သတင်းစဉ်)

အငြင်းပွားပါရာစဲလ်ကျွန်းသို့ တရုတ်ခရီးသွားလုပ်ငန်းဖွင့်မည်

ပေကျင်း မေ ၇

လာမည့်လအတွင်း၌ တောင်တရုတ်ပင်လယ်တွင်းရှိ ပိုင်ဆိုင်မှုအငြင်းပွားနေသော ပါရာစဲလ်ကျွန်းစုကို တရုတ်နိုင်ငံက ပင်လယ်ခရီးသွားလုပ်ငန်းတစ်ရပ် ဖွင့်လှစ်လုပ်ကိုင်မည်ဟု နိုင်ငံပိုင်သတင်းမီဒီယာက ဖော်ပြသည်။

ယင်းကျွန်းစုအတွင်းရှိ အကြီးဆုံးကျွန်းတွင် ဟိုတယ်တစ်လုံးသာရှိပြီး သန့်ရှင်းသောရေမရရှိခြင်းကြောင့် ခရီးသွားများသည် ရေယာဉ်ပေါ်တွင်သာနေထိုင်ရလိမ့်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ပါရာစဲလ်ကျွန်းဟုခေါ်တွင်သည့် အဆိုပါ ကျွန်းစုများကို ပိုင်ဆိုင်ကြောင်း တရုတ်၊ ဗီယက်နမ်နှင့် တိုင်ပေတို့က ကြေညာထားခဲ့ကြသည်။

တရုတ်နိုင်ငံက အဆိုပါကျွန်းများကို ၁၉၇၄ ခုနှစ် ဗီယက်နမ်စစ်ပွဲမပြီးမီကလေးကပင် စတင်ထိန်းချုပ်ထားခဲ့ခြင်းဖြစ်သည်။မကြာသေးမီနှစ်များအတွင်းက အဆိုပါကျွန်းစုများပိုင်ဆိုင်မှုအရေးနှင့်ပတ်သက်၍ တောင်းဆိုမှုများ မြင့်မားသည်ထက် မြင့်မားလာခဲ့ပြီး ယင်းသို့ မြင့်မားလာချိန်အတွင်း၌ တရုတ်နိုင်ငံက ယင်းဒေသတွင် ပိုင်ပိုင်နိုင်နိုင် ဝင်ထွက်လှုပ်ရှားမှုများ ပိုမိုပြုလုပ်လာခဲ့သည်။

ဟိုင်ဟန်းသင်္ဘောကုမ္ပဏီအုပ်စုမှ တန် ၄၇၀၀၀ အလေးချိန်ရှိပြီး ခရီးသွားဦးရေ ၂၀၀၀ နီးပါးမျှတင်ဆောင်နိုင်သည့် သင်္ဘောတစ်စင်းမှာ အဆိုပါခရီးစဉ်အတွက် အသင့်ရှိနေပြီး အခြားရေယာဉ်တစ်စင်းမှာ တည်ဆောက်နေဆဲဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါကျွန်းစုသို့ ပထမဆုံးရေယာဉ် ခရီးစဉ်အဖြစ် မေ ၁ ရက် (ကမ္ဘာ့အလုပ်သမားနေ့) မတိုင်မီ ထွက်ခွာနိုင်ရန် ရည်ရွယ်ထားသည်ဟု ဆိုသည်။ **ဘီဘီစီ။**

တရုတ်၊ ဗီယက်နမ်နှင့် တိုင်ပေတို့အကြား ပိုင်ဆိုင်မှု အငြင်းပွားနေသည့် ပါရာစဲလ်ကျွန်းစု။

မြောက်ကိုရီးယားနိုင်ငံ ဒုံးကျည်စမ်းသပ်ဖွယ်ရှိသည်ဟု တောင်ကိုရီးယားယူဆ

ဆိုးလ် မေ ၇

မြောက်ကိုရီးယား အစိုးရသည် တောင်ကိုရီးယားနှင့် နှစ်နိုင်ငံနယ်စပ်ကေဆောင်စက်မှုဇုန်ကို ပိတ်သိမ်းလိုက်သည့် ရည်ရွယ်ချက်ကို ကိုးကား၍ မြောက်ကိုးရီးယားနိုင်ငံအနေဖြင့် မေ ၁၀ ရက်ဝန်းကျင်တွင် ဒုံးကျည်ပစ်လွှတ်စမ်းသပ်ဖွယ်ရှိသည်ဟု ယုံကြည်ယူဆရကြောင်း တောင်ကိုရီးယားအစိုးရက မေ ၇ ရက်တွင် ပြောကြားသည်။



မြောက်ကိုရီးယားနိုင်ငံက ဒုံးကျည်ဖြင့် တိုက်ခိုက်ဖွယ်ရှိသည့် အမေရိကန်စစ်အခြေစိုက်စခန်းများပြမြေပုံ။

ယင်းလုပ်ရပ်မှာ စစ်ပွဲအတွက် အသင့်အနေအထားရှိဟန် အဓိပ္ပာယ်သက်ရောက်ကြောင်းနှင့် တောင်ကိုရီးယားအမျိုးသားလုံခြုံရေးဥက္ကဋ္ဌ ကင်မ်ဂျန်ဆွန်းကလည်း မြောက်ကိုရီးယားအစိုးရက နိုင်ငံခြားသံတမန်များကို နိုင်ငံတွင်းမှ ထွက်ခွာရန် သတိပေးခဲ့သည့်အချက်ကို အခြေခံ၍ မြောက်ကိုရီးယားအနေဖြင့် စစ်ပွဲအတွက် အဆင်သင့်ဖြစ်နေပြီဟု ယုံကြည်ရကြောင်း တောင်ကိုရီးယားအိမ်ပြာတော်ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကင်မ်ဟန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အိမ်ပြာတော်သည် တောင်ကိုရီးယားသမ္မတ၏ ရုံးနှင့် နေအိမ်ဖြစ်ပြီး အမေရိကန်နိုင်ငံမှ အိမ်ဖြူတော်နှင့် အလားသဏ္ဌာန်တူသည်။

ယခုအခြေအနေအထိ ထောက်လှမ်းလေ့လာမိသမျှအနေအထားမှာ သာမန်အနေအထားမဟုတ်တော့ကြောင်း၊ မြောက်ကိုရီးယားအစိုးရအနေဖြင့် သတိပြုသင့်သည်မှာ စစ်ဖြစ်ပွားမည်ဆိုလျှင် ပျက်စီးဆုံးရှုံးမှုများနှင့်သာ ရင်ဆိုင်ရလိမ့်မည်ဖြစ်ကြောင်း ကင်မ်ဟန်က ကင်မ်ဂျန်ဆွန်း၏ ကိုယ်စား ပြောကြားသည်။ **စီအင်န်အင်န်။**

လန်ဒန်နယ်မြေတွင် လေယာဉ်ပျံသန်းနေစဉ် လေယာဉ်မှူးများ တစ်မေးအိပ်ပျော်ခဲ့ဟုဆို

လန်ဒန် မေ ၇

ဂျက်လေယာဉ်များကိုမောင်းနှင်နေကြသော လေယာဉ်မှူးများသည် လန်ဒန်မြို့ပေါ်တွင်ပျံသန်းနေစဉ် သုံးနှစ်အတွင်းအိပ်ပျော်သွားသည့်ဖြစ်ရပ် နှစ်ကြိမ်တိုင်တိုင်ဖြစ်ခဲ့ကြောင်း စနေနေ့ သတင်းများတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ် ဇွန်လနှင့် ၂၀၁၀ ခုနှစ် ဇွန်လတို့တွင် လေယာဉ်မှူးများသည် လေယာဉ်မောင်းခန်းအတွင်း၌ တစ်မှေးအိပ်ပျော်သွားခဲ့ကြကြောင်း မြို့ပြလေကြောင်းထိန်းသိမ်းရေး အာဏာပိုင် (စီအေအေ)က ထုတ်ဖော်ပြောကြားခဲ့သည်။

ဗြိတိသျှလေကြောင်းလိုင်း လေယာဉ်မှူးများအဖွဲ့ (ဘောလ်ပါ)က အမှန် ဖြစ်ခဲ့သောအကြိမ်အရေအတွက်သည် ဖော်ပြပါထက် ပိုမိုများပြားကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာနှင့်ဆိုလျှင် နေ့စဉ်ဖြစ်နေကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

လေယာဉ်မှူးများ ပင်ပန်းနွမ်းနယ်မှုသည် အန္တရာယ်စိုးရိမ်စရာ အနေအထားမဟုတ်ပါဟု စီအေအေက ကာကွယ်ပြောကြားခဲ့သည်။ ၂၀၁၀ ခုနှစ် တွင် အဲယားဘတ်စ်အေ ၃၁၉ သည် လေယာဉ်ပြေးလမ်းပေါ်တွင်ဖြစ်ခဲ့သည်။ လေယာဉ်မှူးသည် လေယာဉ်ကို ချိုးကွေ့နေစဉ် ခေတ္တခဏအိပ်ပျော်သွားခဲ့သည်ဟု ဆိုသည်။

၂၀၁၁ ခုနှစ်တွင် ဘိုရင်း ၇၆၇ ၏ လေယာဉ်မှူးသည် ခေတ္တအနားယူနေရာမှ မေးခနဲအိပ်ပျော်သွားသည့်အတွက် လေယာဉ်ဦးခန်းအတွင်းသို့ ပြန်မဝင်နိုင်ခဲ့ဟုဆိုသည်။ အရေးပေါ်ကုတ်နံပါတ်များကို အသုံးပြု၍ဝင်ခဲ့ရပြီး ပထမအရာရှိမှာ သတိပင်မထားမိသည်ကို တွေ့ရသည်ဟုဆိုသည်။

အေပီ။

ဆီးရီးယားမြောက်ပိုင်းတွင် လေကြောင်းမှတိုက်ခိုက်၊ ၁၅ ဦးသေဆုံး

ဒမတ်စကတ် မေ ၇

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုပြည်နယ်တွင် ဆီးရီးယားလေတပ်က လေကြောင်းမှတိုက်ခိုက်ရာ လူ ၁၅ ဦးသေဆုံးကြောင်း တက်ကြွလှုပ်ရှားသူများအဖွဲ့က မေ ၆ ရက်တွင် ပြောကြားသည်။

စစ်သွေးကြွများ၏ ရှိတ်မက်ခ်ဆောက်ဒ်ခရိုင်တွင် အဆိုပါ တိုက်ခိုက်မှုဖြစ်ပွားကြောင်း၊ ဗြိတိသျှအခြေစိုက် ဆီးရီးယား လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ကပြောကြားသည်။ သေဆုံးသူ ၁၅ ဦးထဲတွင် ကလေးကိုးဦးပါဝင်သည်။

ဆီးရီးယားနိုင်ငံပိုင် သတင်းဌာနက ဖြစ်ပျက်မှုနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ထုတ်ပြန်မှုမရှိပေ။ သို့ရာတွင် အဆိုပါ ရှိတ်မက်စ်ဆောက်ဒ်ခရိုင်တွင် လွန်ခဲ့သည့်ရက်သတ္တပတ်က စစ်သွေးကြွများဝင်လာ၍ လူအများအား နေအိမ်များစွန့်ခွာထွက်ပြေးရန် တွန်းအားပေးကြောင်း ပြောကြားခဲ့သည်။ **ဆင်ဟွာ။**

iStock® ကုန်ပစ္စည်းထိန်းကွပ်မှုစာရင်း

ကုန်ရောင်း/ကုန်ဝယ်စာရင်း
ငွေစာရင်း
ကုန်လက်ကျန်စာရင်း
အကြွေးစာရင်း

Galaxy Software Services Co., Ltd.

Contact Us ...
YGN 09-43064181, 09-73138079, 01-554206
MDY 09-43200283, 09-91056973

Good Health ဂျာနယ်က တာဝန်ယူပါတယ်။

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

Scaner Electric International Co.Ltd. သည် 302 MOO 2 BANKLONGSUAN PRASAMUDJADEE SAMUDPRAKARN 10290, Thailand တွင် တည်ထောင်မှတ်ပုံတင်ထားပြီး ...

MISUSHITA

... Scaner Electric International Co.Ltd. မှ ထုတ်လုပ်သည့် ... Electric Rice Cooker, Electric Jar-Pot, Electric Pan, Stylish Multifunction Suki Pot, Ventilating Fan, Electric Table Fan, Electric slide stand Fan, Electric Blender များတွင် ...

... Scaner Electric International Co.Ltd. ...

Scaner Electric International Co.Ltd. ၏ လွှဲအပ်ခြင်းခံရသူ -

ဦးညွန့်တင် B.A (Law)., LL.B., D.B.L., D.M.L., D.I.L

တရားလွှတ်တော်ရှေ့နေ

U Nyunt Tin Associates International Limited
83/8, Pansodan Street, Yangon, Myanmar
Tel: 959 4500 59 247-8, 951 375754, Fax: 951 254321, Email: info@untlaw.com

မြန်မာ့အားကစားသမားဟောင်းကြီးများ တွေ့ဆုံဂုဏ်ပြုပွဲ (သို့မဟုတ်) ရွှေအိုရောင်ပီတိပွဲခင်း

ဖေမြင့်ဦး

ဧပြီ ၅ ရက်နေ့တွင် အာရှအားကစားပြိုင်ပွဲကြီးနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်ခဲ့သည့် မြန်မာ့အားကစားသမားဟောင်းကြီးများ ဂုဏ်ပြုတွေ့ဆုံပွဲ ပြုလုပ်မည်ဆိုသော သတင်းများကို သတင်းစာများတွင် ဖတ်လိုက်ရပါသည်။ အလွန်ပင် ကျက်သရေမင်္ဂလာရှိသော သတင်းတစ်ပုဒ်အဖြစ် ကြည်နူးဝမ်းသာပီတိတွေဖြာရသည်။ ကာယကံရှင် ကစားသမားဟောင်းကြီးများ၏ ရင်ထဲတွင်လည်း ပီတိတွေဘယ်လောက်များ လှိုင်းထနေမလဲဆိုသည်ကိုပါ တွေးမိလိုက်တော့ မုဒိတာစိတ်တွေ တဖွားဖွားဖြစ်ရပြန်ပါသည်။

အာရှအားကစားပြိုင်ပွဲကြီးကို ၁၉၅၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ပထမအကြိမ်အဖြစ် စတင်ကျင်းပသည်။ အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (ဆီးဂိမ်းစ်)ဟု ယနေ့ခေါ်တွင်ကျင်းပနေသော အားကစားပြိုင်ပွဲ၏ မူလဘူတဖြစ်သည့် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပြိုင်ပွဲကြီး

၁၉၆၉ ခုနှစ် ငါးကြိမ်မြောက် ကျွန်းဆွယ်အားကစားပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်က မြန်မာအသင်းအား တွေ့ရစဉ်။

ကို ၁၉၅၉ ခုနှစ်တွင် ပထမအကြိမ်အဖြစ် ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် စတင်ကျင်းပခဲ့သည်။

သို့ဖြစ်ရာ အာရှအားကစားပြိုင်ပွဲကြီး၏ အသက်သည် (၆၂) နှစ်၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အသက်သည် (၅၄) နှစ်ရှိပြီဖြစ်၍ ထိုပြိုင်ပွဲကြီးများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် ကစားသမားဟောင်းကြီးများ၏ အသက်အရွယ်ကို မှန်းဆကြည့်နိုင်ပါသည်။ တကယ့်ကို ရွှေအိုရောင်နှလုံးသားကြီးများ ဖြစ်နေကြပြီဖြစ်ပါသည်။

လေ့လာစုံစမ်း၍ရသလောက် ပထမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၏ (၁၉၅၉ ခုနှစ်)က ကစားသမားကြီးများပင် သက်ရှိထင်ရှားရှိနေကြသေးသည်ဟု သိရပါသည်။ ဘော်လီဘောမှ ဦးကျော်ထင်၊ ဦးကျော်မျိုး၊ လက်ဝှေ့မှ ဗိုလ်မှူးမောင်ညွန့်၊ ဦးအောင်ထွန်း၊ ပြေးခုန်ပစ်မှ ဦးအောင်မောင်း၊ ဒေါ်ခင်ဌေး စသည်တို့ဖြစ်ကြသည်။

၁၉၆၁ ခုနှစ် ဒုတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ၁၉၆၅ ခုနှစ် တတိယအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ၁၉၆၇ ခုနှစ် စတုတ္ထအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲ၊ ၁၉၆၉ ခုနှစ် ပဉ္စမအကြိမ် ကျွန်းဆွယ်အားကစားပြိုင်ပွဲတို့မှ ကစားသမားဟောင်းကြီးများ များစွာလည်းရှိနေကြပါသည်။ ထို့ပြင် အာရှအားကစားပြိုင်ပွဲကြီးမှ ကစားသမားကြီးများလည်း ရှိနေကြပါသေးသည်။

ထိုကစားသမားကြီးများသည် အနည်းဆုံး အသက် (၆၀/၆၅) နှစ်ကျော် အထက်မှာ ရှိနေကြပြီဖြစ်ပါသည်။

သူတို့တစ်တွေ၏ သက်တမ်းတစ်လျှောက်တွင် ယခုလို အသိအမှတ်ပြုခံရတာမျိုး တစ်ခါမှမကြုံခဲ့ဖူးကြောင်း ဆက်သွယ်တွေ့ရသမျှ ကစားသမားဟောင်းကြီးများက ဆိုကြပါသည်။ ထို့အတွက် အထူးပျော်ရွှင်ပီတိဖြစ်နေကြသည်ကိုလည်း တွေ့ရပါသည်။

အမှန်ကား ကစားသမားဟောင်းကြီးများတွင် ဘာရကောင်းစေ၊ ညာရကောင်းစေဆိုသော မျှော်လင့်ချက်များ ဘာဆိုဘာမှမရှိ။ မည်သည့်အခွင့်အရေးရမှဆိုသော ရပိုင်ခွင့်စိတ်လည်း နှမ်းတစ်စေ့၊ ဆံတစ်ခြည်စာမျှ သူတို့တွင်မရှိ။ ထိုစိတ်မျိုးတွေ ယခင်ကလည်းမရှိ၊ ယခုလည်းမရှိ။

အောင်ပွဲခံစင်မြင့်ပေါ်တွင် နိုင်ငံတော်အလံလွှင့်၊ နိုင်ငံတော်သီချင်းဖွင့်ပြီး နိုင်ငံတော်အတွက် ကျောကော့ ရင်ကော့ ခေါင်းမော့ အောင်ပွဲခံနိုင်ရေးသည်သာ သူတို့ဘဝ၊ သူတို့အဓိဋ္ဌာန်၊ သူတို့အတွက် မဟာဆုလာဘ်။ ဒါကလွဲပြီး သူတို့တွင် အခြားပရိယေသန စိတ်အာရုံ ဘာမျှမရှိ နတ္ထိ၏နတ္ထိပင်။

"ကျွန်တော်တို့ကို မေ့ထားတာထက်စာရင် အခုလိုသတိတရ ဂုဏ်ပြုတာကောင်းတဲ့ကိစ္စပါ" မြန်မာ့လက်ရွေးစင်အသင်း၏ ထိပ်တန်းတိုက်စစ်မှူးတစ်ဦးဖြစ်ခဲ့သူ ဦးရဲညွန့်က ပြောပါသည်။

ဦးရဲညွန့်၏စကားကို ကြားရတော့ ဦးကျော်ဒင်ကို ပြေးပြီးသတိရမိသည်။ ဦးကျော်ဒင်သည် ဂျပန်တို့၏ ကျေးဇူးရှင် မြန်မာလူမျိုးတစ်ဦး။ ဂျပန်တက္ကသိုလ်ကျောင်းသားများကို ဘောလုံးကစားနည်းသင်ပေးရာမှ ဂျပန်တို့သည် ဘောလုံးကို ကောင်းကောင်းကစားတတ်လာကြရာ ယနေ့ ဂျပန်၏ ဘောလုံးမျိုးစေ့သည် ဦးကျော်ဒင် ချပေးခဲ့သော မျိုးစေ့အဖြစ် ဂျပန်တို့က ခံယူသတ်မှတ်ပြီး ဦးကျော်ဒင်၏ အဆက်အနွယ်မိသားစုများကို ကျေးဇူးဆပ်ရန် ယနေ့အထိ လာရောက်ရှာဖွေနေကြဆဲ။ ဂျပန်ဘောလုံးအဖွဲ့ချုပ်တွင် ဦးကျော်ဒင်၏ ပုံတူရုပ်တုကို ထုလုပ်ထားရှိသည်ဟုလည်း သိရသည်။ တန်ဖိုးကို နားလည်ကြသော ဂျပန်တို့၏ စိတ်ဓာတ်မှာ နှစ်သက်ကျေနပ်ဖွယ်ရာ ဖြစ်ပါသည်။

"ဘာမှ လုပ်ပေးဖို့မဟုတ်ဘူး၊ အသိအမှတ်ပြုတယ်ဆိုတာလေးနဲ့တင် လုံလောက်ပါတယ်ဗျာ"ဟု ဦးရဲညွန့်က ဆက်ပြောပါသေးသည်။

မှန်ပါသည်။ ကစားသမားဟောင်းကြီးများသည် တစ်ဦးနှင့်တစ်ဦး ဘဝပေးကံစီမံရာအတိုင်း ဆူကြုံနိမ့်မြင့် ကွာခြားကောင်းကွာခြားကြမည်ဖြစ်သော်လည်း တစ်ခုတည်းသောဘုံတူညီချက်မှာ ငွေကိုမလို၊ ရွှေကိုမလို အသိအမှတ်ပြုမှုလေး လောက်သာ လိုပါသည်ဆိုသော ခံစားချက်ပင်ဖြစ်ပါလိမ့်မည်။

သူတို့သည် မိမိရပ်တည်ရာ အားကစားအတွက် စွန့်ရမည့်အရာမှန်သမျှ (စွန့်သင့်သင့် မသင့်သင့်) စွန့်လွှတ်ပြီး တစ်ဝမ်းတစ်ခါးဝရုံ နေနိုင်ရုံမျှတင်းတိမ်စွာ စားနိုင်ကြသူ "စွန့်စားရေး"သမားအဖြစ် ရှင်ကြီးဝမ်းလည်း ဝင်ဖူးသူ၊ ရှင်ငယ်ဝမ်းလည်း ဝင်ဖူးသူတွေဖြစ်သည်။ အားကစားကွင်းထဲတွင် ပြိုင်ဘက်ဖြစ်သူကို အနိုင်ရရေးအတွက် ချွေးနှင့်သွေးကို စွန့်ရဲသူ သူတို့အတွက် "ဘဝကစားကွင်း" ထဲမှ သုခဒုက္ခဆိုသည့်ပြိုင်ဘက်တွေသည် ဟာသအဖြစ် ရယ်ရွှင်ဖွယ်လောက်သာ ရှိတော့သည်မှာ ဘာမှမဆန်း။

သို့ရာတွင် ဘဝရေဆန်ကို လက်ပစ်ကူးရဲသည်မှာ အားကစားကပေးသည့် အမွေ၊ အားကစားကပေးသည့် စိတ်ဓာတ်။ ထိုအမွေ၊ ထိုစိတ်ဓာတ်ပိုင်ရှင်များအဖြစ် အသိအမှတ်ပြုမှုကိုတော့ မက်မက်မောမော လိုချင်ရှာပါလိမ့်မည်။ တစ်နည်းဆိုရရင် စိုက်စရိတ်တာဝန်ကျေတောင်သူဦးကြီးများလို "တာဝန်ကျေနိုင်ငံသား"တစ်ယောက်အဖြစ် အသိအမှတ်ပြုမှုကို လိုချင်သည်မှာ အင်မတန်တရားမျှတသော တောင့်တမှုဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် နိုင်ငံသားတစ်ယောက်အဖြစ် ကျရာတာဝန်ကို အမှန်တကယ် ကျေပွန်ခဲ့သူများဖြစ်သောကြောင့်ပင်။

"ကျွန်တော့်တစ်သက်နဲ့တစ်ကိုယ် မကြားဖူးတာကြားရတော့ ဝမ်းလည်းသာတယ်။ ဝမ်းလည်းနည်းမိတယ်။ ဝမ်းသာတာက အခုလိုမျိုးအသိအမှတ်အပြုခံရတာ တစ်သက်လုံး မကြုံဖူး၊ မကြားဖူးလို့၊ ဝမ်းနည်းတာက ကျွန်တော်ရခဲ့တဲ့ ရွှေတံဆိပ်တွေပျောက်သွားပြီး မလှူနိုင်တော့လို့ပါ"

၁၉၆၉ ကျွန်းဆွယ်ရွှေတံဆိပ်ဆုရှင် ဘောလုံးသမားဟောင်းကြီး ဦးပန်စစ်က ဆိုခဲ့ခြင်းဖြစ်ပါသည်။ ဦးပန်စစ်သည် ၁၉၆၁ ပထမဆုံး လူငယ်အသင်း ရွှေတံဆိပ်ဆုရှင်တစ်ဦးလည်း ဖြစ်ပါသည်။

ကစားသမားဟောင်းကြီးများ အားလုံးနီးပါးပင် ဦးပန်စစ်နည်းတူ ဝမ်းသာဝမ်းနည်း ခံစားရဖို့ရှိပါသည်။ ၁၉၆၉ ခုနှစ်မှ တွက်လျှင် နှစ်ပေါင်း ၄၄ နှစ် အမေ့ခံဘဝ ဖြစ်ခဲ့ရ၍ ဝမ်းနည်းစရာဖြစ်ပါသည်။

တကယ်တော့ နိုင်ငံ့ဂုဏ်၊ နိုင်ငံ့တာဝန်ကို ဦးထမ်းခေါင်းရွက်ပြုနိုင်သော အားကစားသမားတစ်ယောက်ဖြစ်ဖို့ဆိုသည်မှာ မိုးကုတ်ပတ္တမြားတူးသလောက် မလွယ်ပါ။

မြန်မာ့ဘောလုံးရွှေခေတ် ကစားသမားဟောင်းကြီး သုံးဦး(ဦးရဲညွန့်၊ ဦးမျိုးဝင်းညွန့်၊ ဦးလှရွှေလေး)

"ကျွန်တော့်သားကို အင်ဂျင်နီယာကြီးဖြစ်အောင်၊ ဆရာဝန်ကြီးဖြစ်အောင် ကျွန်တော်ကြိုးစားပေးကောင်း ပေးနိုင်လိမ့်မယ်။ အဲသလိုဖြစ်ဖို့ အာမခံကောင်း ခံနိုင်မယ်။ ဒါပေမယ့် အားကစားသမားတစ်ယောက်ဖြစ်မယ် ဖြစ်အောင်လုပ်ပေးမယ်လို့တော့ ကျွန်တော်လုံးဝအာမ မခံနိုင်ဘူး။ အဲဒါ အားကစားသမားတစ်ယောက်ရဲ့ တန်ဖိုးပဲ"

အသင်းအုပ်ချုပ်သူနှင့်နည်းပြဟောင်း တစ်ဦးဖြစ်သူ ဦးခင်မောင်ကြိုင် ပြောသော အားကစားသမားတန်ဖိုး စကားဖြစ်ပါသည်။ သို့အတွက် ကစားသမားဟောင်းကြီးများအနေဖြင့် ဝမ်းနည်းမည်ဆိုလျှင် ဝမ်းနည်းဖွယ်အတိဖြစ်ပါသည်။ အမှန်ကတော့ သည်တန်ဖိုးကို မသိသော၊ သည်တန်ဖိုးကို တန်ဖိုးမထားတတ်ကြသော ကျွန်တော်တို့တွေအတွက်က ပိုပြီးတော့ ဝမ်းနည်းစရာ ကောင်းပါသည်။

သို့သော် ယခုတော့ ဝမ်းသာစရာကာလတစ်ခုကို ရောက်ရှိလာပြီ ဖြစ်ပါသည်။ သေချာသည်မှာ ယခုဧပြီ ၅ ရက်တွေ့ဆုံပွဲသည် "ရွှေအိုရောင်ပီတိပွဲခင်း" တစ်ခုအဖြစ် လှပတင့်တယ်ခဲ့ပါသည်။

ဘော်လီဘောရွှေတံဆိပ်နှစ်ဆုရှင် ဦးစိုးသိန်း၏အိမ်သို့ ရောက်စဉ် မန္တလေးမှ သူ့သူငယ်ချင်းဆိုသူဆီက ဖုန်းဝင်လာသည်။ "မင်းတို့အိမ်မှာ ငါတည်းမယ်။ ဒါပေမယ့် သူငယ်ချင်းတစ်ယောက်လည်းပါမယ်။ ခေါ်လာလို့ရမလား" ဟု ဟိုဘက်ကမေးသည်ကို ဦးစိုးသိန်းက "ရတယ်၊ ရတယ် ခေါ်ခဲ့ပါ" ဟု ဖြေစဉ် ဦးစိုးသိန်း၏ ဇနီး ဘော်လီဘောမယ် ဒေါ်ဘေဘီက "ဒါပေမယ့် အရက်သမားတွေကိုတော့ ခေါ်မလာနဲ့နော်"ဟု လှမ်းနောက်ရာ ပွဲမတိုင်မီကတည်းက ပျော်ခင်းလေးဖြစ်နေသည်ကို ပျော်ရွှင်ဖွယ်တွေ့ရပါသည်။

"ကိုယ့်အလုပ်တွေနဲ့ကိုယ်ဆိုတော့ ငယ်သူငယ်ချင်းတွေ၊ ကစားဖော်ဟောင်းတွေနဲ့ ဆုံဖြစ်ကြတာမဟုတ်ဘူး။ အခုပွဲမှာ အားလုံးနီးပါးဆုံကြတာဆိုတော့ ဘယ်လိုပျော်နေမှန်း မသိဘူး"ဟု အန်တီဒေါ်ဘေဘီက ပြောသည်ကို ဦးစိုးသိန်းက "ဟုတ်တယ်"ဟု ထောက်ခံသည်။

အခြားအခြားသော ကစားသမားဟောင်းကြီးများလည်း ဦးစိုးသိန်း-ဒေါ်ဘေဘီတို့လိုပင် ပျော်နေကြမည်သာ ဖြစ်ပါသည်။

စက်ဘီး၊ ဘော်လီဘော၊ ဘတ်စကက်ဘောတို့ပါ ကျွမ်းကျင်ပါသော်လည်း သံလုံး သံပြားပစ်တွင်သာ နှစ်မြှုပ်ခဲ့သူ အမေဒေါ်ခင်ဌေးကတော့ သူငယ်ချင်းဖြစ်သူ ဒေါ်ဂရေစီကားကို အထူးသတိရနေသည်။ မီတာ ၈၀ တန်းကျော်ပြေး၊ မီတာ ၁၀၀ တာတိုအပြေးတို့တွင် နာမည်ကြီးခဲ့သူ ဒေါ်ဂရေစီကားခေါ် ဒေါ်မိုးအေးမှာ အမေရိကားတွင် အခြေချနေထိုင်ရာ မကြာသေးမီက အလည်လာသွားသေးသည်ဟု အမေဒေါ်ခင်ဌေးက ပြောပါသည်။

"သူ ပြန်သွားတာ မကြာသေးဘူး။ သူသာရှိရင် သူသိပ်ပျော်မှာ"ဟု ဒေါ်ခင်ဌေးက ငယ်သူငယ်ချင်းဖြစ်သူကို တမ်းတလွမ်းဆွတ်စွာ ပြောသည်။ ဒေါ်ခင်ဌေး၊ ဒေါ်ခင်ခင်ထွေးနှင့်ဒေါ်ဂရေစီကားတို့သည် ငယ်သူငယ်ချင်း၊ ကချင်ပြေးခုန်ပစ်အတွဲများအဖြစ် တစ်ချိန်က နာမည်ကြီးခဲ့သူများဖြစ်သည်။

ပြောမနာ ဆိုမနာ ငယ်သူငယ်ချင်းတွေ၊ ကစားဖော်ဟောင်းတွေ တွေ့ကြဆုံကြစဉ် ငြင်းကြ အနိုင်လုကြရင်း စကားဖောင်ဖွဲ့ကာ အပျော်တွေ စီးပျော်ဝင်ကြရင်း။

"ရုပ်နာမ်ခမ္မ၊ သင်္ခါရတို့၊ ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း၊ တစ်ဖုံဆင်နွဲ၊ သူတနဲဖြင့်"စသော တရားဓမ္မ သံဝေဂသံတွေ ဝေစီနေရင်း။

"အီရန်ကိုဆော်တုန်းက ဘယ်လို၊ တောင်ကိုရီးယားကိုနှိပ်တုန်းက ဘယ်သို့၊ အစ္စရေးကို ချတုန်းကဘယ်ပုံ၊ အခုကောင်တွေ စာဖွဲ့နေရတဲ့ ထိုင်းအသင်းတို့ စင်ကာပူ၊ မလေးအသင်းတို့ကို ငါတို့တုန်းက စာမဖွဲ့ခဲ့ဘူး၊ တစ်ရေးနိုးအသင်းတွေပဲ" ဟု ငယ်မူငယ်သွေးတွေ ပြန်ပေါ်ကြရင်း။

အားကစားသမားဟောင်းကြီးများ၏ ဧပြီ ၅ ရက် တွေ့ဆုံပွဲမှ ဆုံခဲ့ရသည်များကို စဉ်းစားရင်းစဉ်းစားရင်းနှင့်ပင် ပီတိတွေတစ်ထပ်ကြီးဖြင့် ရင်ခုန်နေမိပါတော့သည်။

ယခုပွဲကြီးကို စီစဉ်သော ပြည်ထောင်စုအားကစားဝန်ကြီးကို အထူးကျေးဇူးတင်ပါကြောင်း ပြောကြားရင်း နောက်နောင်နှစ်တွေမှာလည်း နှစ်စဉ်နှစ်တိုင်း ပြုလုပ်ပေးပါရန် တောင်းဆိုပါရစေလား ခင်ဗျား။ ။

ပြည်တွင်းသတင်း

○ **ဦးသန့်မှ** ဦးစွာဆောင်ရွက်ခဲ့သူများတွင် တစ်ဦးအပါအဝင်ဖြစ်ကြောင်း၊ နောင်မျိုးဆက်သစ်များအတွက် ဦးသန့်ထားခဲ့သော အမွေမှာ လူသားဆန်သောတန်ဖိုးများပင်ဖြစ်ကြောင်း၊ ဦးသန့်သည် အသားအရောင်၊ လူမျိုး၊ ဘာသာ၊ နိုင်ငံရေးအခြေခံ ယုံကြည်မှုများအား မခွဲခြားဘဲ လူသားဆန်သော တန်ဖိုးများဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု၊ ပဋိပက္ခများဖြေရှင်းဆောင်ရွက်မှုများဖြင့် သက်သေပြခဲ့ကြောင်း၊ ယနေ့ကာလ ငြိမ်းချမ်းရေးတည်ဆောက်သူများအတွက် ဦးသန့်သည် စံပြပုဂ္ဂိုလ်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးဖြစ်စဉ်သည် ရေရှည်အကောင်အထည်ဖော်သွားရမည့်ခရီးဖြစ်ပြီး လူသားတန်ဖိုးကိုအခြေခံ၍ ငြိမ်းချမ်းဖွံ့ဖြိုးသော ဒီမိုကရေစီနိုင်ငံဖြစ်ထွန်းလာအောင် အတူတကွလျှောက်လှမ်းကြရန် ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဦးသန့်သည် ကမ္ဘာ့ထိပ်တန်းခေါင်းဆောင် တစ်ဦး၊ မြန်မာမျိုးချစ်တစ်ဦးလည်းဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင် အလုပ်တာဝန်များထမ်းဆောင်ခဲ့သည့် ဆယ်စုနှစ်များအတွင်း ယခုနေအိမ်၌နေထိုင်ကာ မြန်မာပြည်သူလူထုအတွက် ကောင်းမွန်သာယာသော တိုင်းပြည်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရန်ကုန်မြို့အနေဖြင့် ဦးသန့်၏ ဘဝနှင့်အလုပ်များကို ချီးကျူးဂုဏ်ပြုခွင့်ရပြီဖြစ်၍ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဦးသန့်နေအိမ်နှင့် ပြတိုက်ဖွင့်လှစ်ဆောင်ရွက်မှုအခြေအနေကို Yangon Heritage Trust တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဦးသန့်မြင့်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးသန့်နေအိမ်နှင့် ပြတိုက်အား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ဦးသန့်နေအိမ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ဦးသန့်၏သမီး ဒေါ်အေးအေးသန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နေအိမ်အတွင်း ပြသထားသည့် ဦးသန့်၏ဘဝနှင့် လုပ်ဆောင်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဦးသန့်၏ နေအိမ်နှင့် ပြတိုက်သည် ဦးသန့်၏ ဘဝနှင့် ဦးသန့်ဆောင်ရွက်ခဲ့သော တာဝန်ဝတ္တရားများအကြောင်းကို လေ့လာနိုင်မည့်အပြင် U Thant Institute မှ စီစဉ်ဆောင်ရွက်လျက်ရှိသော ပညာပေးအစီအစဉ် Program များနှင့် ပူးတွဲ၍ အများပြည်သူ ပါဝင်တက်ရောက်လေ့လာနိုင်မည့် နေရာတစ်ခုအဖြစ် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရှိရသည်။

ယင်းပြတိုက်တွင် ဦးသန့်ရည်ရွယ်ခဲ့သည့် ပညာရေးစင်တာတစ်ခုကိုပါ ယခုနှစ်ကုန်ပိုင်းတွင် ထည့်သွင်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဦးသန့်၏ သမီးကြီးဖြစ်သူ ဒေါ်အေးအေးသန့်က ပြောသည်။

“ဦးဆုံး ဒီအိမ်ကြီးကို ပြတိုက်အဖြစ်ဖွင့်လှစ်ဖို့ဆုံးဖြတ်ပြီးမှ နိုင်ငံတော်သမ္မတကြီးဆီကို ခွင့်ပြုမိန့်တင်ခဲ့ပါတယ်၊ ခွင့်ပြုမိန့်ရမှ အိမ်ကြီးကို ပြင်ဆင်ခဲ့ပါတယ်၊ နှစ်ပေါင်း ၉၀ နီးပါးရှိပြီဆိုတော့ အတော့်ကို ကြိုးစားပြင်ဆင်ခဲ့ရပါတယ်၊ အဓိကကတော့ U Thant International School of Art & Science မျိုး ဖြစ်လာစေချင်ပါတယ်၊ ပညာရေးဟာ တိုင်းပြည်တစ်ခုတိုးတက်သာယာရေးမှာ အန်မတန်အရေးကြီးတဲ့အကြောင်း၊ အကျင့်စာရိတ္တမဏ္ဍိုင်တည်ဆောက်နိုင်အောင် ညွှန်ပြတဲ့ ပညာရေးစနစ်တစ်ခုဖြစ်လိုတဲ့ဆန္ဒကို အဖေဟာ အခွင့်ရတိုင်းပြောခဲ့ပါတယ်၊ အဲဒီရည်ရွယ်ချက်ကိုလည်း ပြည့်စေချင်ပါတယ်၊ နောက်ပြီး ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရာထူးကို ဘာကြောင့်ရခဲ့တယ်ဆိုတာတွေ၊ ကမ္ဘာ့ငြိမ်းချမ်းရေး ရရှိအောင်ကြိုးပမ်းခဲ့တာတွေစတဲ့ ၁၀ နှစ်တာကြိုးပမ်းခဲ့တာတွေကို လူငယ်တွေ သုံးသပ်လေ့လာနိုင်အောင် ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။ မြန်မာနိုင်ငံသား ဦးသန့်သည် ၁၉၆၁ ခုနှစ်မှ ၁၉၇၁ ခုနှစ်အထိ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တာဝန်ကို နှစ်ကြိမ်တိုင်တိုင် ထမ်းဆောင်ခဲ့သည့် ပထမဦးဆုံး မြန်မာနိုင်ငံသားဖြစ်ပြီး တတိယကမ္ဘာစစ် မဖြစ်ပွားစေရန်အတွက် ကျူးဘားအရေးအား ကိုင်တွယ်ခဲ့သော ကမ္ဘာ့ငြိမ်းချမ်းရေးသံတမန်တစ်ဦးလည်း ဖြစ်သည်။

ဦးသန့်၏ပြတိုက်ကို ၎င်းနေထိုင်ခဲ့ရာ ပန်းဝါလမ်းရှိ နေအိမ်၌ ဧပြီ ၆ ရက်မှ ၁၁ ရက်အထိ အကြိုဖွင့်လှစ်မည်ဖြစ်ပြီး အများပြည်သူ လေ့လာကြည့်ရှုနိုင်ရန် အောက်တိုဘာလမှစ၍ အမြဲတမ်းပြတိုက်အဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်သည်။

ဦးသန့်၏ သမီးကြီးဖြစ်သူ ဒေါ်အေးအေးသန့် ရှင်းပြစဉ်။

ဦးသန့်၏ယခင်နေအိမ်အတွင်းပိုင်းတွင် မှတ်တမ်းမှတ်ရာများကို ခင်းကျင်းပြသထားသည်ကို တွေ့ရစဉ်။

အမေး - အောင်ကျော်ဦး(ကြေးမုံ)
ဓာတ်ပုံ - ခင်မောင်ဝင်း (ကြေးမုံ)

ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဝင်ခွင့်ပေးသော်လည်း ကမ်းနားလမ်းသစ်သို့ တက်ခွင့်မရှိကြောင်းသိရ

ရန်ကုန် ဧပြီ ၇

ရန်ကုန်မြို့ ကမ်းနားလမ်းသစ်တွင် မောင်းနှင်သွားလာနေသော ယာဉ်များကို ယာဉ်မောင်းနှင်အသုံးပြုခ ကောက်ခံလျက်ရှိသော်လည်း ပန်းဆိုးတန်းဆိပ်ကမ်းသို့ ဝင်ထွက်သွားလာရန် ကမ်းနားလမ်းနှင့် ပန်းဆိုးတန်းလမ်းဆုံရာတွင် ကန့်လန့်ဖြတ်ဖောက်လာ၍စီစဉ်ထားပြီး ကမ်းနားလမ်းသို့ မတက်ရန် အသံချဲ့စက်ဖြင့် အသိပေးလမ်းညွှန်နေကြောင်းကို ဧပြီ ၅ ရက်တွင် မြင်တွေ့ခဲ့သည်။

အဆိုပါ ကန့်လန့်ဖြတ်၍ ဆိပ်ကမ်းသို့ ခရီးသည်နှင့်ကုန်စည်အတင်အချ လုပ်မည့်ယာဉ်များသည် လက်ဝဲ (သို့မဟုတ်)လက်ယာသို့ ချိုးကွေ့၍ ကမ်းနားလမ်းသစ်ပေါ်သို့ တက်ရောက်ခြင်းမပြုရန် ယင်းကဲ့သို့ အသံချဲ့စက်ဖြင့် လမ်းညွှန်အသိပေးထားကြောင်း သိရသည်။ **(ထက်ခိုင်-စမ်းချောင်း)**

ဖမ်းဆီးရမိ ကျွဲ၊ နွားများအား တောင်သူများသို့ မဲနှိုက်ရောင်းချ

အင်းတော် ဧပြီ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ဧပြီ ၁ ရက် နံနက် ၁၁ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အမှန်တကယ်အသုံးပြုရန် လိုအပ်လျက်ရှိသော တောင်သူများအား ဖမ်းဆီးရမိသော ကျွဲ ၁၅ ကောင်နှင့်နွား ၁၉ ကောင်အား မဲနှိုက်ရောင်းချခဲ့ကြောင်း သိရသည်။ အဆိုပါရောင်းချပွဲသို့ တောင်သူ ၇၇ ဦး တက်ရောက်ခဲ့ပြီး ကြိုတင်စာရင်းပေးသွင်းကာ မဲနှိုက်ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရောင်းချပေးသော ကျွဲ၊ နွားများသည် ဖမ်းဆီးရမိထားသော သက်သေခံပစ္စည်းများဖြစ်ပြီး တရားမဝင်ကူးသန်းရောင်းဝယ်လျက်ရှိသော ကုန်သည်များထံမှ ဖမ်းဆီးရမိထားခြင်းဖြစ်သည်။ “အခုလို မဲဖောက်ပေးတော့ ကျွန်တော်တို့လိုသုံးစွဲမယ့်လူတွေအတွက် ကောင်းတာပေါ့ဗျာ။ ဈေးနှုန်းကတော့ နွားဆိုရင် တစ်သိန်း၊ ကျွဲဆိုရင် တစ်သိန်းနှစ်သောင်းနဲ့၊ ဘာပဲဆိုဆိုတစ်သိန်းကျော်ကျော်လောက်နဲ့ ရတာဆိုတော့ မဆိုးဘူးလေ”ဟု အဆိုပါရောင်းချပွဲတွင် ပါဝင်ခဲ့သော တောင်သူတစ်ဦးက ပြောပြခဲ့သည်။ အင်းတော်မြို့နယ်သည် မြန်မာပြည်အထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီးအစွန်နှင့် ကချင်ပြည်နယ်အစပ်တွင် တည်ရှိပြီး ကျွဲ၊ နွားတရားမဝင် ရောင်းဝယ်သူများ ဖြတ်သန်းသွားလာလျက်ရှိသည့် နယ်မြို့တစ်မြို့ဖြစ်သည်။ အမှန်တကယ်အသုံးပြုမည့် တောင်သူများအား ယခုကဲ့သို့ရောင်းချပေးသည့်အတွက် မဲပေါက်တောင်သူများ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိကြောင်း သိရှိရသည်။ **(ကျော်သီဟ)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ

သွေးတိုးရောဂါဖြစ်ပွားမှု ကြောက်ခမန်းလိလိ တိုးပွားလာ လူတို့၏ အပြုအမူ၊ အနေအထိုင်များက အဓိကအကြောင်းအရင်းဖြစ်

နေပြည်တော် ဧပြီ ၇

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ခန့်မှန်းတွက်ချက်မှုအရ လူ ၁၀ ဦး အသက်ဆုံးရှုံးတိုင်း တစ်ဦးသည် သွေးတိုးရောဂါကြောင့်ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ အရှေ့တောင်အာရှနိုင်ငံများတွင် သွေးတိုးရောဂါဖြစ်ပွားမှုသည် ၃၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရကြောင်း၊ မြန်မာနိုင်ငံတွင် သွေးတိုးရောဂါဖြစ်ပွားမှုနှင့် ပတ်သက်ပြီး နှလုံးသွေးကြောရောဂါထိန်းသိမ်းရေးစီမံချက်၏ လေ့လာချက်များအရ ၂၀၀၅ ခုနှစ်တွင် ၂၁ ရာခိုင်နှုန်းခန့်ရှိပြီး ၂၀၁၀ ခုနှစ်တွင် ၅၇ ရာခိုင်နှုန်းအထိ တိုးလာသည်ကိုတွေ့ရှိရကြောင်း၊ သွေးတိုးရောဂါသည် လူမျိုးမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ နိုင်ငံမရွေးဖြစ်နေခြင်းကြောင့် ဝေဒနာရှင်များသာမက မိသားစုနှင့် တိုင်းပြည်ပါ ထိခိုက်နစ်နာမှုများ ကြုံတွေ့နေရကြောင်း၊ သွေးတိုးရောဂါဝေဒနာရှင်များအတွက် လိုအပ်သော ဆေးဝါးပံ့ပိုးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းသည် နိုင်ငံတိုင်း၏ တာဝန်တစ်ရပ်ဖြစ်လာကြောင်း။

နိုင်ငံတော်၏ အမျိုးသားကျန်းမာရေးမူဝါဒတွင် "နိုင်ငံတော်အတွင်း ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး ပြဿနာများအတွက် ကုသရေးလုပ်ငန်းများကို ကြိုတင်စဉ်းစားစီမံထားရန်" ဆိုသည့် မူဝါဒနှင့်အညီ တိုးတက်ဖြစ်ပွားလာသည့် သွေးတိုးရောဂါကို ထိရောက်စွာကာကွယ်ကုသနိုင်ရေးအတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့မှစပြီး နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးအတွက် သွေးတိုးရောဂါ၏ ဝန်ထုပ်ဝန်ပိုးများကို သိရှိနားလည်စေရန်၊ သွေးတိုးရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကုသရေးဆိုင်ရာ အသိပညာ၊ ဗဟုသုတများကို ပြည်သူလူထုတစ်ရပ်လုံးအတွင်း စိမ့်ဝင်ပျံ့နှံ့ပြီး လိုက်နာကျင့်သုံးလာစေရန် ဝိုင်းဝန်းဆောင်ရွက်ကြစေရန် အတွက် ရည်ရွယ်ကြောင်း။

သွေးတိုးရောဂါ ဖြစ်ပွားမှု ကြောက်ခမန်းလိလိ တိုးပွားလာခြင်းသည် လူတို့၏ အပြုအမူ၊ အနေအထိုင်များက အဓိကအကြောင်းအရင်းဖြစ်နေပြီး မျိုးရိုးဗီဇ၊ ကျောက်ကပ်နှင့်ပတ်သက်သည့်ရောဂါ၊ မွေးရာပါနှလုံးသွေးလွှတ်ကြောမကြီး ကျဉ်းသည့်ရောဂါနှင့် ဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးများသည်လည်း အချို့သော အရင်းခံအကြောင်းများဖြစ်ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးက ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြောင်းလဲလာသည့် လူနေမှုပုံစံများကြောင့်ဖြစ်ပွားသည့် သွေးတိုးရောဂါများမှာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ အစားအသောက် မဆင်မခြင်စားသုံးခြင်း၊ အထူးအားဖြင့် အဆီအဆိမ့်၊ အငန်များစားသုံးခြင်း၊ ဆေးလိပ်၊ အရက်သောက်သုံးခြင်းနှင့် လုပ်ငန်းခွင်အတွင်း စိတ်ဖိစီးမှုများပြားခြင်းများသည် ပြုပြင်ပြောင်းလဲ၍ရသော အန္တရာယ်ရှိသည့် အပြုအမူများဖြစ်ကြောင်း။

သွေးတိုးရောဂါကို ကြိုတင်ကာကွယ်နိုင်ကြောင်း လူအများသိရှိနိုင်ရန် အထူးလိုအပ်လျက်ရှိကြောင်း၊ အရေးကြီးသည့်အချက်မှာ သွေးတိုးရောဂါ ရှိ၊ မရှိ သွေးပေါင်မှန်မှန်ချိန်ရန်ဖြစ်ကြောင်း၊ အချို့လူများသည် မည်သည့် ရောဂါလက္ခဏာမျှမပြဘဲ သွေးတိုးရှိနေတတ်ပြီး ရောဂါရှိကြောင်း မသိလိုက်မီ သွေးတိုးပြီး ဦးနှောက်သွေးကြောပြတ်၍ အသက်ဆုံးရှုံးနိုင်ခြင်းကြောင့် သွေးတိုးရောဂါကို တိတ်တဆိတ် လူသတ်သမားဟုပင် တင်စားကြကြောင်း၊ သွေးတိုးရောဂါကြောင့် နောက်ဆက်တွဲရောဂါများလည်း အများအပြားဖြစ်လာနိုင်ကြောင်း၊ သွေးတိုးရောဂါဖြစ်မှ ကုသခြင်းထက် မဖြစ်မီက ကြိုတင်ကာကွယ်ခြင်းသည် အရေးကြီးကြောင်း။

ပြည်သူလူထုအတွင်း ကိုယ်လက်လှုပ်ရှား အားကစားနည်းပညာရပ်များ ပံ့ပိုးပေးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုဆောင်ရွက်နိုင်ရန် ပတ်ဝန်းကျင်များဖန်တီးပေးခြင်း၊ ဆေးလိပ်နှင့် အရက်သောက်သုံးမှုများလျှော့ချခြင်း၊ စိတ်ဖိစီးမှုများ လျော့ပါးစေရေးအတွက် အပန်းဖြေရန် ပန်းခြံများ၊ အပန်းဖြေနေရာများ၊ Recreation Center များ၊ ခရီးသွားလာခြင်းများ၊ စုပေါင်းတရားအားထုတ်ခြင်း လုပ်ငန်းများကို လုပ်ငန်းခွင်များအတွင်း၌ ဆောင်ရွက်နိုင်ရန်စီစဉ်ပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းတို့အပြင် လိုအပ်သည့်ဥပဒေနှင့် နည်းဥပဒေများ သက်ဝင်လှုပ်ရှားလာစေရန် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပံ့ပိုးကြရန် လိုအပ်ကြောင်း။

သွေးတိုးရောဂါဖြစ်ပွားမှု ကာကွယ်ကုသရေးလုပ်ငန်းများသည် လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း လိုက်နာဆောင်ရွက်ရမည်သာမက ဌာနဆိုင်ရာများ၊ နီးနွယ်အဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်မှုများသည် အဓိကလိုအပ်ချက်များဖြစ်ကြောင်း၊ ထို့ကြောင့် သွေးတိုးရောဂါ တားဆီးကာကွယ်ရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးဝန်ထမ်းများ၊ နီးနွယ်လူမှုရေးအဖွဲ့အစည်းများသာမက ပြည်သူလူထုတစ်ရပ်လုံးမှ မိမိတို့၏ ကျန်းမာရေးကို မိမိတို့ကိုယ်တိုင်မြှင့်တင်နိုင်ရန် အပြုအမူကောင်းများကို လိုက်နာကျင့်သုံးကြစေလိုကြောင်းဖြင့်လည်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ခေတ္တဌာနေကိုယ်စားလှယ် Dr. Krongthong Thimasarn က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး၏ သဝဏ်လွှာကိုဖတ်ကြားသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသော ၂၀၁၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ပညာပေးပြခန်းကို လှည့်လည်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)** ၂၀၁၃ ခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် ဆောင်ပုဒ်အဖြစ် "သွေးမတိုးအောင် သတိဆောင်၊ ကိုယ်လက်လှုပ်ရှား၊ မျှအောင်စား" ဟု ရွေးချယ်သတ်မှတ်ထားသည်။

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် Technical Symposium ဟောပြော ရှင်းလင်းဆွေးနွေးပွဲကို နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာတင့်ဆွေလတ်က ဆောင်ရွက်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ National Professional Officer ဒေါက်တာမောင်မောင်လင်းက Hypertension (High Blood Pressure)၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး နှလုံးဆေးကုဌာန ပါမောက္ခ ဒေါက်တာဒေါ်နွယ်နွယ်က သွေးတိုးရောဂါနှင့် နှလုံးသွေးကြောရောဂါ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြော ဆေးကုဌာန ပါမောက္ခ/ ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ဝင်းမင်းသစ်က လေဖြတ်ခြင်းအကြောင်းနှင့် သယ်န်းကျွန်းဆေးရုံကြီး ဆီးနှင့်ကျောက်ကပ်ဆေးကုဌာန ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်ခင်သီတာသွင်က သွေးတိုးနှင့် ရေရှည်ကျောက်ကပ်ပျက်စီးခြင်းတို့ကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် ပဉ္စမပုံမှန်စည်းဝေး

နေပြည်တော် ဧပြီ ၇

ပထမအကြိမ် မွန်ပြည်နယ် လွှတ်တော်ပဉ္စမပုံမှန်အစည်းအဝေး(တတိယနေ့)ကို ဧပြီ ၅ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၂)ခု မေးမြန်းခြင်း၊ ဥပဒေကြမ်း(၄)ခု အတည်ပြုခြင်း၊ ဥပဒေပြင်ဆင်ချက် (၁)ခုအား မှတ်တမ်းတင်ခြင်း၊ ပြည်နယ်လွှတ်တော်ရေးရာကော်မတီ (၅)ခု ဖွဲ့စည်းခြင်းအား အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်တွင်းအတိုအထွာ ဖတ်စရာ

မဟာမင်္ဂလာစေတီ ရွှေထီးတော်တင်

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဖောင်ကြီး(အနောက်) အင်းပတ်တောင်ဝိဇ္ဇာပါလကျောင်း ပဓာနနာယကဆရာတော် အရှင်ကောဏ္ဍည ဦးစီး၍ တည်ထားကိုးကွယ်တော်မူသော ဉာဏ်တော် ၃၈ တောင်ရှိ (၃၈)ဖြာ မဟာမင်္ဂလာစေတီတော်မြတ်ကြီး ရွှေထီးတော်တင်လှူပွဲနှင့် အနေကဇာတင်ပွဲကို ဧပြီ ၃ ရက် နံနက် ၉ နာရီတွင် စေတီတော်ပရိဝုဏ်၌ ကျင်းပသည်။

(ရွှေထူး)

သုတလိမ္မာပျိုးခင်း ယဉ်ကျေးမှုသင်တန်းဆင်း

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ ကဒပ္ပနစ်ပြကျေးရွာ တိုက်ကျောင်း ကျောင်းတိုက်တွင် သုတလိမ္မာပျိုးခင်း ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ဧပြီ ၁ ရက်က ကျင်းပသည်။ ကျေးရွာတွင်းရှိ သူငယ်တန်းမှ သတ္တမတန်းထိ ကလေးသူငယ်ကျား/မ ပေါင်း ၁၁၀ ကို ဆရာတော်ဦးဉာဏဝံသမှ သင်တန်းမှူးအဖြစ် ကြီးကြပ်၍ ဆရာတော်ဦးစန္ဒမာလာ၊ ဆရာတော်ဦးနရသေဌနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်ကွက်တွင်းမှ စိတ်ပါဝင်စားသူလူငယ်လေးများ ပူးပေါင်း၍ မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

နိုင်ငံသားကတ် လှိုင်သာယာတွင် ဆောင်ရွက်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပြည်တောင်စု ဝန်ကြီး၏ လမ်းညွှန်မှုအရ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန လှိုင်သာယာမြို့နယ်ဦးစီးမှူး ဦးရွှေထူးနှင့် ဝန်ထမ်းများသည် ကုလားကြီးစုကျေးရွာသို့ မိုးပွင့်အဆင့်(၅)စီမံချက် အကောင်အထည်ဖော်သည့်အနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဧပြီ ၅ ရက် နံနက်မှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။ **မင်းထက်ပိုင်(လှိုင်သာယာ)**

မြိတ်မြို့၌ စာရိတ္တမြှင့်တင်ရေး ကျပန်းစကားပြောပြိုင်

မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာရိတ္တမြှင့်တင်ရေး ကော်မတီတို့ ပူးပေါင်းကျင်းပသော စာရိတ္တမြှင့်တင်ရေး ကျပန်းစကားပြောပြိုင်ပွဲကို ဧပြီ ၄ ရက် ည ၇ နာရီတွင် အောင်မင်္ဂလာလူငယ်များ စာကြည့်တိုက်ရှေ့တွင်ကျင်းပရာ မြိတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ရပ်ကွက်/ ကျေးရွာများမှ ပြိုင်ပွဲဝင် ၂၅ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ ပထမ၊ ဒုတိယ၊ တတိယ ဆုရွေးချယ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခိုင်ထူး(မြိတ်)

လူကုန်ကူးမှုစောင့်ရှောက်ရေး ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့သည် တစ်ဖက်နိုင်ငံ ဂျယ်ဂေါင်၊ ရွှေလီမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသော မြို့ညီအစ်မကဲ့သို့ နေ့စဉ်နှင့်အမျှ ကုန်စည်ကူးသန်းသွားလာမှုများပြားသော နယ်စပ်မြို့ဖြစ်သဖြင့် မိမိနိုင်ငံမှ တိုင်းရင်းသားပြည်သူများ အလုပ်အကိုင်များရှာဖွေရင်း လူကုန်ကူးမှုအများဆုံး ဖြစ်ပွားရာဒေသတွင် ခေါင်းပုံဖြတ်မတရား လူကုန်ကူးခြင်းမခံရစေရေးအတွက် သင်တန်းဖွင့်ပွဲကို ဧပြီ ၆ ရက် နံနက် ၉ နာရီ၌ အိမ်တွင်းမှုသင်တန်းကျောင်း (မူဆယ်)တွင် ကျင်းပသည်။ **အယ်လ်စိုး(IPRD)**

ကိုယ့်အားကိုယ်ကိုး မီးလင်းရေး ဒေးဒရဲ၌ဆောင်ရွက်

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအတွင်း လျှပ်စစ်မီး သုံးစွဲနိုင်ရေးအတွက် ကိုယ့်အားကိုယ်ကိုး မီးလင်းရေးဆောင်ရွက်နိုင်စေရန် မီးလင်းရေးကော်မတီ၊ ကျေးရွာရပ်မိ ရပ်ဖများနှင့် ဖျာပုံခရိုင် ဖျာပုံမြို့နယ် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့၏ စီစဉ်ကြီးကြပ်ဆောင်ရွက်မှုဖြင့် လျှပ်စစ်ဝန်ထမ်းများက ရန်ကုန်မှဖျာပုံသို့ဆက်သွယ်ထားသော 33 KV ဓာတ်အားလိုင်းမှ တစ်ဆင့် 33/11 KV၊ 1000 KVA ဓာတ်အားခွဲရုံတည်ဆောက်ပြီး ထိုမှတစ်ဆင့် 11/0.4 KV၊ 200 KVA ခွဲရုံနှစ်ရုံတည်ဆောက်ပေးပြီး ယခုအခါ အုန်းပင်ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲနိုင်ခဲ့ပြီဖြစ်သည်။ **(၅၄၀)**

လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပေးအပ်

မွန်ပြည်နယ်လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ထုတ်ပေးခြင်း အခမ်းအနားကို မတ် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် မုဒုံမြို့ ရွှေဟင်္သာခန်းမ၌ ကျင်းပသည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ရာနှုန်းပြည့်ထုတ်ပေးနိုင်သော ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူပေါင်း ၁၃၆ ဦး တို့အား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။ **(၄၄၁)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာရာ ဒုတိယသမ္မတများနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ဦးတင်နိုင်သိန်း၊ ဦးသန်းဌေး၊ ဒေါက်တာမြင့်အောင်၊ ဒေါက်တာကံဇော်နှင့် တရုတ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးတင်ဦးတို့လည်း တက်ရောက်ကြသည်။

အခမ်းအနားတွင် အာရှဘိုအောဖိုရမ် အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ ဂျပန်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ယာဆူအိုဖူကူဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန်ဟာဂျီဟာဆာနာဘိုလ်ကီးယားမူအစ်ဇာဒင်ဝါဒိုလာနှင့် ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ Mr. Nursultan Nazarbayev တို့က အဖွင့်မိန့်ခွန်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် ဘိုအောမြို့တွင် ကျင်းပသည့် ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားခွင့်ရသည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းကို ဦးစွာပထမ ပြောကြားလိုပါကြောင်း။

ထို့အပြင် မိမိအနေဖြင့် အိမ်ရှင်နိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရနှင့် ဘိုအောဖိုရမ်ကျင်းပရေးဆိုင်ရာ အဖွဲ့အစည်းကိုလည်း အထူးကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး၏ အဓိကခေါင်းစဉ်အဖြစ် ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေနေသော အာရှတိုက်(Asia Seeking Development for All) ကို သတ်မှတ်ထားရှိခြင်းသည် သင့်မြတ်မှုရှိပြီး အချိန်နှင့်တစ်ပြေးညီလည်း ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့စီးပွားရေးအခြေအနေကို လေ့လာကြည့်ပါက အာရှထွန်းသစ်စ စီးပွားရေးနိုင်ငံများမှာ စီးပွားရေးတိုးတက်မှုကို အားရဖွယ်တွေ့ရှိရသော်လည်း ဥရောပမှာ ရင်ဆိုင်နေရသည့် ငွေကြေးဆိုင်ရာအခက်အခဲများနှင့် ကမ္ဘာ့စီးပွားရေးမတည်ငြိမ်မှုများကြောင့် ပြင်ပဝယ်လိုအား ကျဆင်းခဲ့ပြီး အာရှနှင့်ပစိဖိတ်ဒေသများ၌ စီးပွားရေးတိုးတက်မှုနှုန်းအပေါ် အကျိုးသက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၅ ရာခိုင်နှုန်းသာရှိပြီး ကုန်သွယ်မှုတိုးတက်မှုနှုန်းသည်လည်း ၃ ဒသမ ၇ ရာခိုင်နှုန်းသာရှိခဲ့သည်ကို တွေ့ရှိရပါကြောင်း။

အာရှဒေသတွင်း စီးပွားရေးတိုးတက်မှုကိုထိန်းသိမ်းနိုင်ရန်အတွက် ဒေသတွင်း ဝယ်လိုအားကို မြှင့်တင်ပေးခြင်း၊ ဒေသတွင်းမှသာမက အခြားပြင်ပမှ ရင်းနှီးမြှုပ်နှံမှုများအားဖိတ်ခေါ်၍ အလုပ်အကိုင်ဖန်တီးမှုများနှင့် ဒေသတွင်းထုတ်လုပ်မှုတို့ကိုဖြစ်ထွန်းစေခြင်း၊ အာဆီယံဒေသတွင်းမှာလည်း အခြေခံအဆောက်အအုံများ၌ ရင်းနှီးမြှုပ်နှံမှုများကို သင့်တင့်သည့်မူဘောင်များချမှတ်ကာ မြှင့်တင်ပေးခြင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း(အေအီးစီ)ထူထောင်ရေးမှတစ်ဆင့် ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိုလည်း ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါကြောင်း။

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံအများစုမှာ သမားရိုးကျကိစ္စများစွာကို ကိုင်တွယ်ဖြေရှင်းနေရသည့်အပြင် စိန်ခေါ်မှုအသစ်များကိုလည်း ရင်ဆိုင်နေကြရပါကြောင်း၊ ယင်းကဲ့သို့ မသေချာမရေရာသောအရေးကိစ္စများ ကြုံတွေ့နေရသော်လည်း ဆင်းရဲ၊ ချမ်းသာမဟူ ကမ္ဘာ့နိုင်ငံအားလုံးအနေဖြင့် သတိမပြတ်ဘဲ အကောင်းဘက်မှ ရှုမြင်ရန်လိုအပ်ပါကြောင်း။

ကမ္ဘာတစ်ဝန်း စိန်ခေါ်မှုများ၊ မရေရာမသေချာမှုများနှင့် စွန့်စားရမှုအန္တရာယ်များ ပိုမိုများပြားလာသည့်အလျောက် မိမိတို့ဒေသတွင်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး တည်ငြိမ်မှုတို့အား ဆက်လက်ထိန်းသိမ်းနိုင်ရေး၊ စားနပ်ရိက္ခာနှင့်စွမ်းအင်လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်လုံခြုံမှုတို့အား ချိန်ညှိခြင်း၊ စီးပွားရေးတိုးတက်မှုတို့အား ဆက်လက်ထိန်းသိမ်းစေခြင်းတို့ကို ဆက်စပ်ကာ ပူးပေါင်းဖြေရှင်းနိုင်ခြင်းအားဖြင့် မိမိတို့ဒေသတွင်း အောင်မြင်မှုများကို ထိန်းသိမ်းထားနိုင်မည်ဟု ယုံကြည်မိပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်အားလုံးတို့တွင် ပူးပေါင်းပါဝင်မှု၊ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံနိုင်မှုနှင့် အားလုံးအကျုံးဝင်မှုတို့ကို အလေးပေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံသည် အာရှ၏ အရှေ့/အနောက်ဆက်သွယ်မှုဆိုင်ရာ အချက်အချာနေရာတွင် တည်ရှိနေသည့်အတွက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည် အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မှာ ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည် အစည်းအဝေး၏ အဓိကခေါင်းစဉ်ဖြစ်သည့် Asia Seeking Development

for All: Restructuring Responsibility & C
အားလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အာရှဒေသအ
သည့် ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာ
စိတ်ချရမှု လျော့ကျလာခြင်းနှင့် စွမ်းအင်လိုအပ်မှုများ
ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလ
လိုအပ်သလို တာဝန်ယူကာ ပူးပေါင်းဆောင်ရွက်သွား

အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျေ
အဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာတစ်ဝန်းမှာ ရှင်သ
စွမ်းရည်မြှင့်တင်ရေးသည် အဓိကကျပါကြောင်း၊ ရင်ဆို
စိန်ခေါ်မှုအသစ်များကို ကမ္ဘာတစ်ဝန်းကြုံတွေ့နေရခြ
စုံမှ ချဉ်းကပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ပါ
ရန်မှာ မလွယ်ကူသော်လည်း ကမ္ဘာတစ်ဝန်းဒေသ
ပေါင်းစည်းရေးဆောင်ရွက်မှုများသည် ကမ္ဘာ့ကိစ္စရပ်မ
နိုင်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါ

ဒေသတွင်း ပေါင်းစည်းမှု အစီအစဉ်အသီးသီး
အသီးသီး၏ ကြိုးပမ်းမှုများကို စုစည်းနိုင်မှသာ
အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

TATA MOTORS ကုမ္ပဏီဖွင့်ပွဲနှင့် TATA ထုတ်ကုန်များ ပြပွဲကျင်းပ

နေပြည်တော် မေ ၇

ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အဝေးပြေးလမ်းမ ပုလဲမြို့သစ် ပုလဲဥယျာဉ်အိမ်ရာ၌ TATA-Apex Greatest Industries Co.,Ltd. ၏ ထုတ်ကုန်များပြပွဲနှင့် ဆားဗစ်စင်တာဖွင့်ပွဲကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးကြည်သိန်းနှင့် TATA Motor Head of International Business (Commercial vehicles unit) Mr.R.T Wasan တို့က 3S (Sale Services Spare Parts) ပြခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး Apex Greatest Industries Co.,Ltd. နာယက ဦးတင့်လွင်နှင့် TATA Motor Regional Head. South Asia and Far East Mr. R. Maitra တို့က မတ်ရပ်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Shailesh Thangal က မျက်နှာစာဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသည့် အိန္ဒိယနိုင်ငံ TATA ကုမ္ပဏီထုတ် Light Truck ၊ Box Truck ၊ Truck၊ Mini Salon ၊ Minibus နှင့် City bus များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက်ဖွင့်ပွဲအခမ်းအနားကိုဆက်လက်ကျင်းပရာ ရန်ကုန်မြို့တော်အများပြည်သူသယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ အငြိမ်းစားသံအမတ်ကြီး ဦးကြည်သိန်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Shailesh Thangal ၊ TATA Motor Head of International Business Mr. R.T Wasan နှင့် Apex & Greatest Industries Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးစိန်လွင်တို့က ထုတ်ကုန်ပြပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Pre-SEA Games ရွက်လှေပြိုင်ပွဲ ပွဲစဉ်များ ငွေဆောင်ပင်လယ်ကမ်းခြေ၌ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၇

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် 27^{th} SEA Games ရွက်လှေပြိုင်ပွဲအုပ်ချုပ်ရေးနှင့် လုပ်ငန်းအဆင့်ဆင့်ကို အဖွဲ့ချုပ်အနေဖြင့် Tent Event ကျင်းပပြီး အဆင့်မြင့်မြင့် ကြိုတင်စမ်းသပ်ကျင်းပရန်၊ မြန်မာ့လက်ရွေးစင်ရွက်လှေအားကစားသမားများ၏ လက်ရည်အဆင့်အတန်းကို အကဲဖြတ်ပြီး 27^{th} SEA Games တွင် အောင်နိုင်ရေးအတွက် လိုအပ်သည်များကို အချိန်မီ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန်နှင့် ရွက်လှေပြိုင်ပွဲဝင် SEA Games နိုင်ငံများမှ အားကစားသမားများနှင့် တာဝန်ရှိသူများအား အမှန်တကယ်ပြိုင်ပွဲကျင်းပမည့်နေရာ Actual Venue သို့ ရောက်ရှိထိတွေ့လေ့လာမှု အတွေ့အကြုံရရှိစေခြင်းဖြင့် တရားမျှတမှုရှိသော ပြိုင်ပွဲတစ်ရပ်အဖြစ် ဦးတည်ဆောင်ရွက်နေခြင်းကို ပြိုင်ဘက်နိုင်ငံများ နားလည်လက်ခံစေရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် 2013 Myanmar National Open Sailing Championship (Pre- SEA Games) ရွက်လှေပြိုင်ပွဲကို ပုသိမ်ခရိုင် ငွေဆောင်မြို့နယ်ခွဲရှိ ငွေဆောင်ပင်လယ်ကမ်းခြေ၌ မေ ၄ ရက်မှ ၈ ရက်အထိ ဆက်လက်ကျင်းပလျက်ရှိသည်။

ပြိုင်ပွဲတွင် Optimist Overall, Optimist Girls, International 420 Overall, RS One (under 16), RS One (Under 19), RS One Overall, Half Rater, Laser Standard, Laser Radial ဟူသည့် ပြိုင်ပွဲအမျိုးအစား Class အလိုက် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည်။

အဆိုပါပြိုင်ပွဲသို့ အိမ်ရှင်မြန်မာနိုင်ငံက အုပ်ချုပ်နည်းပြ ၁၀ ဦးနှင့် အားကစားသမား ၃၇ ဦး၊ စင်ကာပူနိုင်ငံမှ အုပ်ချုပ်နည်းပြ တစ်ဦးနှင့် အားကစားသမား ရှစ်ဦး၊ ထိုင်းနိုင်ငံမှ အုပ်ချုပ်နည်းပြတစ်ဦးနှင့် အားကစားသမား ၁၀ ဦး၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ အုပ်ချုပ်နည်းပြ ငါးဦးနှင့် အားကစားသမား ၁၁ ဦး၊ မလေးရှားနိုင်ငံမှ အုပ်ချုပ်နည်းပြ ခြောက်ဦးနှင့် အားကစားသမား ၁၉ ဦး၊ အိန္ဒိယသမ္မတနိုင်ငံမှ အားကစားသမားတစ်ဦးတို့ဖြင့် စုစုပေါင်း ၁၈၉ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ဆုပေးပွဲနှင့် ညစာစားပွဲကို မေ ၈ ရက် ညပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာ သင်္ဘောကုန်တင်/ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆော

ရန်ကုန် မေ ၇

၂၀၁၃ ခုနှစ် မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာလုပ
ကုန်တင်/ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မေ ၅
ကမ်းနားလမ်းရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည
အဆိုပါအစည်းအဝေးတွင် အောက်ဖော်ပြပါအချက်များအတိုင်း နှစ်သစ်ကူးရုံးပိတ်
လုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်-

(က) အကောက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဆိုင်ရာ သွင်းကုန်/ပို့ကုန်လုပ
ဆိပ်ကမ်း၊ လေဆိပ်ကုန်လှောင်ရုံ၊ စက်လှေဆိပ်များတွင် မေ ၁၂ ရက်၊ ၁၃
ရက်နေ့များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်း
မည်ဖြစ်သည်။

(ခ) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကုန်ပစ္စည်းများထုတ်ယူရေးအတွက် ကုန်
အမိန့် (Delivery Order) ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်
၁၂ ရက်၊ ၁၄ ရက်၊ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာ
ရုံးဖွင့်လှစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဂ) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) က မေ ၁၃ ရက်နှင့် ၁၈ ရက်
လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(ဃ) မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) က
ရုံးဖွင့်လှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

(င) မြန်မာနိုင်ငံကုန်သေတ္တာယာဉ်ပိုင်ရှင်များ အသင်းကလည်း ကုန်သေတ္တာသယ်ယာ
ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မေ ၁၂ ရက်၊ ၁၃ ရက်မျာ
ဖွင့်လှစ်ဆောင်ရွက်၍ မေ ၁၉ ရက်၊ ၂၀ ရက်များတွင် ဂိတ်အားလုံးဖွင့်လှစ်

(စ) သက်ဆိုင်ရာဆိပ်ကမ်းများမှလည်း တင်သွင်း/တင်ပို့မှုများအတွက် မေ ၁၂
ရက်၊ ၂၀ ရက်နေ့များတွင် လုပ်ငန်းများလျင်မြန်ချောမွေ့အောင် ဆောင်
အရေးကြီး တင်ပို့/တင်သွင်း ဆောင်ရွက်ရန်ရှိပါက ဆိပ်ကမ်းသို့ ကြိုတင်အကြေ
ဖြစ်သည်။

(ဆ) သင်္ကြန်ကာလရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်
ရက်များတွင် အရေးကြီး တင်သွင်း/တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာန
နောက်ဆုံးထားအကြောင်းကြားရမည်ဖြစ်သည်။

ကို အားရဖွယ်
င်ရာအခက်အခဲ
ိုအား ကျဆင်း
အပေါ် အကျိုး
၊ ၂၀၁၂ ခုနှစ်
ိုင်နှုန်းသာရှိပြီး
ိုင်နှုန်းသာရှိခဲ့

နိုင်ရန်အတွက်
ာမက အခြား
န်တီးမှုများနှင့်
တွင်းမှာလည်း
သင့်တင့်သည့်
ားရေးအသိုက်
ားရေးပူးပေါင်း
်ရှိပါကြောင်း။
ျကိစ္စများစွာကို
ည်း ရင်ဆိုင်နေ
စ္စများ ကြုံတွေ့
အနေဖြင့် သတိ

နှင့် စွန့်စားရမှု
တွင်း နိုင်ငံရေး၊
နိုင်ရေး၊ စားနပ်
ားား ချိန်ညှိခြင်း၊
တို့ကို ဆက်စပ်
ာင်မြင်မှုများကို

ဖြင့် နိုင်ငံရေး၊
အားလုံးတို့တွင်
လုံးအကျိုးဝင်မှု

သွယ်မှုဆိုင်ရာ
နိုင်ငံ၏ ဖွံ့ဖြိုး
ထောက်အကူ

မ်နှစ်ပတ်လည်
Development

ဘိုအောဖိုရမ်အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်လာကြသော နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

for All: Restructuring Responsibility & Cooperation အရ အားလုံးဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့အာရှဒေသအနေဖြင့် ကြုံတွေ့နေရသည့် ငွေကြေးအကျပ်အတည်း၊ သဘာဝဘေးအန္တရာယ်၊ စားနပ်ရိက္ခာဖူလုံစိတ်ချရမှု လျော့ကျလာခြင်းနှင့် စွမ်းအင်လိုအပ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်၍ လိုအပ်သလို တာဝန်ယူကာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

အမျိုးမျိုးသော စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် နိုင်ငံအဆင့်၊ ဒေသအဆင့်နှင့် ကမ္ဘာတစ်ဝန်းမှာ ရှင်သန်တိုးတက်မှု၊ ခုခံနိုင်စွမ်းရည်မြှင့်တင်ရေးသည် အဓိကကျပါကြောင်း၊ ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုအသစ်များကို ကမ္ဘာတစ်ဝန်းကြုံတွေ့နေရခြင်းဖြစ်၍ ဘက်ပေါင်းစုံမှ ချဉ်းကပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဤသို့ဖြေရှင်းရန်မှာ မလွယ်ကူသော်လည်း ကမ္ဘာတစ်ဝန်းဒေသများ၌ ဒေသတွင်းပေါင်းစည်းရေးဆောင်ရွက်မှုများသည် ကမ္ဘာ့ကိစ္စရပ်များအတွက် အဖြေရှာနိုင်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ပါကြောင်း။

ဒေသတွင်း ပေါင်းစည်းမှု အစီအစဉ်အသီးသီးတွင် ပါဝင်သည့် နိုင်ငံအသီးသီး၏ ကြိုးပမ်းမှုများကို စုစည်းနိုင်မှသာ ဒေသအဖွဲ့အစည်း အောင်မြင်မှုကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း။

ယခုကျင်းပသည့် အာရှဒေသဆိုင်ရာဘိုအောဖိုရမ် နှစ်ပတ်လည်အစည်းအဝေး ၂၀၁၃ အနေဖြင့် နိုင်ငံအားလုံးနှင့် နိုင်ငံသားအားလုံးတို့၏ အခြေခံကျသည့် ဖွံ့ဖြိုးတိုးတက်မှုများအတွက် အမြင်၊ မဟာဗျူဟာများနှင့် အောင်မြင်နိုင်မည့် နည်းလမ်းများကို ရှာဖွေအကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ကျင်းပသည့်အာရှဒေသဆိုင်ရာ ဘိုအောဖိုရမ်နှစ်ပတ်လည်အစည်းအဝေး၏ ရလဒ်များသည် အာရှဒေသ၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းကောင်းများစွာကို ရှာဖွေဖော်ဆောင်ပေးနိုင်မည်ဟု မိမိအနေဖြင့် ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဖင်လန်၊ မက္ကဆီကို၊ ပီရူး၊ ဇမ်ဘီယာ၊ ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ နယူးဇီလန်၊ အယ်လ်ဂျီးရီးယားနှင့် မွန်ဂိုလီးယားနိုင်ငံတို့မှ နိုင်ငံအကြီးအကဲများနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ (၆၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံဥက္ကဋ္ဌနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့(IMF) ဦးဆောင်ညွှန်ကြားရေးမှူးတို့က မိန့်ခွန်းများ အသီးသီးပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနားကို မွန်းတည့် ၁၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘိုအောဖိုရမ်အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ နိုင်ငံအကြီးအကဲ၊ အစိုးရအဖွဲ့အကြီးအကဲများနှင့် တက်ရောက်လာကြသူများနှင့်အတူ တက်ရောက်သည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ဟိုင်နန်ပြည်နယ် စန်းယမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ပြန်လည်ထွက်ခွာခဲ့ရာ ညနေ ၅ နာရီ ၄၅ မိနစ်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ဒုတိယသမ္မတများဖြစ်ကြသည့် ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဦးညွန့်ထွန်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ သံရုံးယာယီတာဝန်ခံ Mr. Lu Zhi တို့က နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

✳ ဒုတိယသမ္မတမှ

ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပံ့ပိုးဆောင်ရွက်ပေးသွားမည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ ရွက်လှေပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်ချက်များအား လမ်းညွှန်မှာကြားခဲ့ပြီး မြောင်းမြမြို့သို့ ဆက်လက်ထွက်ခွာသည်။

ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြောင်းမြဂုန်နီစက်ရုံ ရှင်းလင်းဆောင်သို့ရောက်ရှိကြရာ မြို့မိမြို့ဖများနှင့် စက်မှုလုပ်ငန်းရှင်များက မြောင်းမြစက်မှုဇုန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပံ့ပိုးဖြည့်ဆည်းပေးသွားမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မြောင်းမြမြို့ စက်မှုဇုန်အတွင်း မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြောင်းမြမြို့မှ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

❖ အပန်းဖြေအနားယူစရာမှ

စိတ်ကြိုက်ဝယ်ယူသုံးဆောင်နိုင်ပါသည်” ဟု နေရာသစ်စားသောက်ဆိုင်ပိုင်ရှင် ကိုအောင်နိုင်ကလည်း ပြောပြပါတယ်။

အဆိုပါ ညောင်ချောင်းသာကမ်းခြေသည် ညောင်တုန်းမြို့ ရန်ကင်းစံရာကျေးရွာတွင် တည်ရှိ၍ ရန်ကုန်မြို့မှ ၃၄ မိုင်သာ ကွာဝေးသည်။ နေ့စဉ်အပန်းဖြေသူ ၃၀၀ မှ ၅၀၀ ထိ လာရောက်လျက်ရှိပြီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်များတွင် အပန်းဖြေသူများစွာ လာရောက်လျက်ရှိပြီး ရန်ကုန်မြို့မှ လာရောက်အပန်းဖြေပါက လှိုင်သာယာ(ဒဂုံဧရာ)အဝေးပြေးဂိတ်မှ ဗဟိုရ်၊ ရိမ်းဂျားအမြန်မှန်လုံ မော်တော်ယာဉ်များစီး၍ ရန်ကုန်မြို့မှ တစ်နာရီအချိန်တိုအတွင်း လာရောက်လည်ပတ်နိုင်သော အပန်းဖြေအနားယူစရာတစ်ခုဖြစ်သည်။

ကိုထွန်းကျော် (ညောင်တုန်း)

စက်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာ လုပ်ငန်းများ င်/ကုန်ချလုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်ပေးမည်

ရန်ကုန် မေ ၇

မြန်မာ့နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း အကောက်ခွန်ဆိုင်ရာလုပ်ငန်းများ၊ သင်္ဘော ုပ်ငန်းများ လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် မေ ၅ ရက်က ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ဝေးတွင် အောက်ဖော်ပြပါအချက်များအတိုင်း နှစ်သစ်ကူးရုံးပိတ်ရက်ကာလအတွင်း မြန်ချောမွေ့စွာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်-

ာက်ခွန်ဦးစီးဌာနအနေဖြင့် အကောက်ခွန်ဆိုင်ရာ သွင်းကုန်/ပို့ကုန်လုပ်ငန်းများကို ရုံးချုပ်၊ မ်း၊ လေဆိပ်ကုန်လှောင်ရုံ၊ စက်လှေဆိပ်များတွင် မေ ၁၂ ရက်၊ ၁၃ ရက်၊ ၁၉ ရက်၊ ၂၀ ့များ၌ နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၃ နာရီထိ ရုံးဖွင့်လှစ်ပြီး လုပ်ငန်းဆောင်ရွက်ပေးသွား ်သည်။

ဆိပ်ကမ်းအာဏာပိုင်အနေဖြင့် ကုန်ပစ္စည်းများထုတ်ယူရေးအတွက် ကုန်ပစ္စည်းထုတ်ပေးခွင့် (Delivery Order) ကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ကိုယ်စားလှယ်လုပ်ငန်းဌာနက မေ ်၊ ၁၄ ရက်၊ ၁၆ ရက်၊ ၁၈ ရက်၊ ၂၀ ရက်တို့တွင် နေ့စဉ် နံနက် ၁၀ နာရီမှညနေ ၃ နာရီထိ ှစ်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB) က မေ ၁၃ ရက်နှင့် ၁၈ ရက်တွင် ရုံးဖွင့်လှစ်ပြီး ်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် (MICB) က မေ ၁၈ ရက်တွင် ှစ်ပြီး လုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံကုန်သေတ္တာယာဉ်ပိုင်ရှင်များ အသင်းကလည်း ကုန်သေတ္တာသယ်ယာဉ် အလုံအလောက် းအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မေ ၁၂ ရက်၊ ၁၃ ရက်များတွင် ဂိတ်သုံးဂိတ် ်ဆောင်ရွက်၍ မေ ၁၉ ရက်၊ ၂၀ ရက်များတွင် ဂိတ်အားလုံးဖွင့်လှစ်ပေးမည်ဖြစ်သည်။

ိုင်ရာဆိပ်ကမ်းများမှလည်း တင်သွင်း/တင်ပို့မှုများအတွက် မေ ၁၂ ရက်၊ ၁၃ ရက်၊ ၁၉ ၂၀ ရက်နေ့များတွင် လုပ်ငန်းများလျင်မြန်ချောမွေ့အောင် ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကြီး တင်ပို့/တင်သွင်း ဆောင်ရွက်ရန်ရှိပါက ဆိပ်ကမ်းသို့ ကြိုတင်အကြောင်းကြားပေးရမည် ည်။

်ကာလရုံးပိတ်ရက်များတွင် ရုံးဖွင့်လှစ်ဆောင်ရွက်ပေးမည့် သတ်မှတ်ရက်များနှင့် အခြား ာတွင် အရေးကြီး တင်သွင်း/တင်ပို့လိုပါက အကောက်ခွန်ဦးစီးဌာနသို့ မေ ၁၀ ရက် ်ဆုံးထားအကြောင်းကြားရမည်ဖြစ်သည်။

(ကြေးမုံ)

မနောမြေအတွက် ပထမဂိုးကို ကျော်စွာလင်း ခေါင်းတိုက်သွင်းနေစဉ်။

မနောမြေနှင့် ရခိုင်တို့ သရေကျ

သတင်းနှင့် ဓာတ်ပုံ - ရှိုင်းထက်ဇော်

ရန်ကုန် မေ ၇

MNL Myanmar 2013 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၈)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ မနောမြေအသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းတို့ နှစ်ဂိုးစီသရေကျသွားသည်။

ရခိုင်ယူနိုက်တက် - နှစ်ဂိုး (ပီနာနှင့် အောင်စိုးမိုး)

မနောမြေ - နှစ်ဂိုး (ကျော်စွာလင်းနှင့် ကမ်ဆူး)

အမှတ်ပေးဇယားအောက်ဆုံးမှ ရခိုင်ယူနိုက်တက်အသင်း၏ ရုန်းကန်မှုကြောင့် မနောမြေအသင်း ခက်ခဲစွာကစားခဲ့ရပြီး နောက်မှလိုက်ကစားခဲ့ရသည်။ ပွဲအစ လေးမိနစ်မှာပင် ပေါ်တူဂီတိုက်စစ်မှူး ပီနာက ရခိုင်အတွက် ဂိုးစတင်သွင်းယူခဲ့ပြီး ၁၂ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ကျော်စွာလင်းက ချေပဂိုးပြန်သွင်းခဲ့သည်။ ယင်းနောက်ပိုင်းတွင် ပွဲမှာ အပြန်အလှန်ရှိလာပြီး ၄၈ မိနစ်တွင် အောင်စိုးမိုးကရခိုင်အတွက် နောက်တစ်ကြိမ်ဦးဆောင်ဂိုးသွင်းခဲ့သော်လည်း ၆၅ မိနစ်တွင် ကမ်ဆူးက ပြစ်ဒဏ်ဘောမှတစ်ဆင့် ချေပဂိုးပြန်သွင်းခဲ့သည်။

စားအုန်းဆီဈေးနှုန်းများ တရိပ်ရိပ်ကျနေ

ရန်ကုန် မေ ၇

သင်္ကြန်ပိတ်ရက်နီးလာပြီး ဈေးကွက်တွင် ဝယ်လိုအားများလာသော စားအုန်းဆီဈေးနှုန်းများကျဆင်းလာရာ မေ ၆ ရက်တွင် လက်ကားတစ်ပိဿာ ၁၄၀၅ ကျပ် သာရှိကြောင်း ဆီဈေးကွက်မှ သိရသည်။

မေ ၂ ရက်တွင် လက်ကားတစ်ပိဿာ ကျပ် ၁၄၄၀ နှုန်းရှိခဲ့ပြီး ကုမ္ပဏီအချို့မှ ကြိုရောင်းဈေးတစ်ပိဿာကျပ် ၁၄၃၀ ဖြင့် ရောင်းချပြီး ပစ္စည်းများကိုယခုရက်အတွင်း အပ်နေကြောင်း၊ ပြည်ပ(မလေးရှား) စားအုန်းဆီ FOB တစ်တန်လျှင် မေ ၅ ရက်ဈေးနှုန်းမှာ ၈၂၅ ဒေါ်လာ ပြည်တွင်းငွေလဲနှုန်း ၈၈၀ ကျပ်ဖြင့်ဆိပ်ကမ်းရောက် တစ်ပိဿာ အရင်းဈေး ၁၄၁၉ ကျပ် သာရှိကြောင်း ပြည်ပဆီဈေးနှုန်းနှင့် ဈေးကွက်တို့မှ သိရသည်။ မြေပဲဆီ လက်ကားတစ်ပိဿာကျပ် ၃၉၀၀ နှုန်းရှိသည်ဟု သိရသည်။

20 KG အလေးချိန်ရှိ ပုံးဆီ ကော်ပုံးဝါ လက်ကားနှုန်း ၁၈၀၀၀ ကျပ်ဖြင့်ဈေးကွက်တွင်ရောင်းချမှုရှိလာကြောင်း၊ ကော်ပုံးဝါပုံးခွဲတစ်လုံးလျှင် ၁၅၀၀ ကျပ်ဝန်းကျင်ဖြင့် ရောင်းချရရာ ဆီအလေးချိန် တစ်ပိဿာလျှင် ကျပ် ၁၅၀၀ ဝန်းကျင်သာရှိကြောင်း၊ ကန်ဆီဈေးနှုန်းထက် အနည်းငယ်မြင့်သော်လည်း အရည်အသွေးမြင့်သဖြင့် ကုန်သည်များ စမ်းသပ်ဝယ်ယူမှုရှိကြောင်း သိရသည်။

၂၀၁၂ ခုနှစ် မေ ၆ ရက်တွင် စားအုန်းဆီတစ်ပိဿာ လက်ကားဈေးနှုန်း ၁၉၈၅ ကျပ်၊ မြေပဲဆီ တစ်ပိဿာ ၄၁၀၀ ကျပ်နှုန်းရှိခဲ့ရာ ယခုနှစ် မေလဆန်း စားအုန်းဆီနှင့် မြေပဲဆီဈေးနှုန်းများ ယခင်နှစ်ကာလတူဈေးများထက် အထူးသဖြင့် စားအုန်းဆီဈေးနှုန်းများစွာ နည်းနေကြောင်း သိရသည်။

သင်္ကြန်မတိုင်မီ ဈေးကွက်တွင် ထန်းလျက်၊ (ကြူကုတ်)ကြက်သွန်ဖြူဈေးနှုန်းများကျဆင်းပြီး လျှပ်စစ်မီးအကြောင်းပြု၍ ပဲခြမ်းနှင့်အုန်းဆီဈေးနှုန်းမြင့်တက်လာကြောင်း၊ မိုးထောင်ငရုတ်ဈေး တက်သော်လည်း ငရုတ်ရှည်များမှာ ဈေးနိမ့်တွင်ပင် ရှိနေသေးကြောင်း သိရသည်။

(ကြူကုတ်) ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၂၁၅၀၊ ၂၂၀၀ ထိ ဈေးမြင့်ခဲ့ရာမှ မေ ၆ ရက်တွင် ငွေကျပ် ၁၉၅၀၊ ၂၀၀၀ နှုန်းသို့ လည်းကောင်း၊ ညောင်ဦးဆေးခတ်ထန်းလျက်များ တစ်ပိဿာ ၇၅၀ ကျပ်မှ ယခုရက်တွင် ၇၂၀ ကျပ်သို့လည်းကောင်း၊ သင်္ကြန်ရက်အလှူအတန်းများတွင် အသုံးများသော မလိုင်ထန်းလျက် တစ်ပိဿာလျှင် ကျပ် ၇၀၀မှ ကျပ် ၆၆၀၊ ၆၇၀ နှုန်းသို့လည်းကောင်း ဈေးနှုန်းများကျဆင်းလာကြောင်း၊ လျှပ်စစ်မီးပြတ်တောက်မှုကို အကြောင်းပြု၍ ကုလားပဲခြမ်းများဈေးကွက်တွင် အဝယ်ခက်ပြီး ဈေးနှုန်းမှာ လက်ကားတစ်ပိဿာကျပ် ၁၂၀၀ နှုန်း၊ အုန်းဆီမှာ ယခင်လပိုင်းတွင် တစ်ပိဿာကျပ် ၁၂၀၀ ဝန်းကျင်ရှိသော်လည်း မေ ၆ ရက်တွင် ကျပ် ၁၄၅၀ နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။

မိုးထောင်ငရုတ်ဈေးတက်လာရာ ယခင်ရက်ပိုင်းတွင် တစ်ပိဿာကျပ် ၁၅၅၀၊ ၁၈၀၀ ရှိရာမှ မေ ၆ ရက်တွင် ၁၆၀၀၊ ၂၀၀၀ နှုန်းသို့ လည်းကောင်း၊ ညောင်ရမ်းမိုးထောင်ငရုတ်ဈေးနှုန်းမှာ တစ်ပိဿာကျပ် ၁၇၅၀၊ ၁၈၅၀ နှုန်းမှ ကျပ် ၁၉၀၀၊ ၂၁၀၀ နှုန်းသို့ မြင့်တက်လာကြောင်း သိရသည်။ **(မောင်စေအောင်)**

ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား အနေကဇာတင်နှင့် ဓမ္မာရုံသစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

နေပြည်တော် မေ ၇

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် နေသိဒ္ဓိရပ်ကွက်ရှိ အသစ်ဆောက်လုပ်ပြီးစီးသည့် ဓမ္မာရုံကြီး၌ ပူဇော်မည့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်းနှင့် ရပ်ကွက်ဓမ္မာရုံသစ်ကြီး လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းကျော်ထူး၊ ကော်မတီဝင် ဦးသန်းဦးနှင့် ဌာနမှူးများ၊ နေသိဒ္ဓိရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းမိသားစုများ၊ ဓမ္မာရုံထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အသစ်ဆောက်လုပ်ပြီးစီးခဲ့သော ရပ်ကွက်ဓမ္မာရုံသစ်ကြီးနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ကော်မတီဝင် ဦးသန်းဦးက နေသိဒ္ဓိရပ်ကွက် အုပ်ချုပ်ရေးမှူးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှူရှင်များက ဓမ္မာရုံသစ်ကြီးအတွက် အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

ယနေ့ ဆောက်လုပ်ပြီးစီးသည့် ဓမ္မာရုံသစ်ကြီးသည် နေသိဒ္ဓိရပ်ကွက် သုခမြိုင်လမ်းနှင့် အေးရိပ်မြိုင်လမ်းဆုံ၌ တည်ရှိကာ အလျား ပေ ၇၀၊ အနံပေ ၃၀ တစ်ထပ်အဆောက်အအုံဖြစ်ပြီး နေပြည်တော်စည်ပင်သာယာရေး ကော်မတီက ဆောက်လုပ်ပေးခဲ့ခြင်းဖြစ်သည်။

ယခုကဲ့သို့ ဓမ္မာရုံသစ်ကြီး တည်ဆောက်ပေးခဲ့သဖြင့် နေသိဒ္ဓိရပ်ကွက်အတွင်းရှိ ဝန်ထမ်းမိသားစုများအနေဖြင့် ဥပုသ်သီလဆောက်တည်ခြင်း၊ တရားပွဲများကျင်းပခြင်း၊ နေ့ကြီးရက်ကြီးများတွင် ဘာသာရေးအခမ်းအနားများ ကျင်းပခြင်း၊ အလှူဒါနပြုလုပ်ခြင်း၊ ကလေးသူငယ်များအတွက် ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ခြင်းနှင့် သာရေးနာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း
၈–၅–၂၀၁၃ (တနင်္လာနေ့)

၆း၀၀ တောင်တန်းသာသာနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ (အပိုင်း-၅)
၈း၄၀ ခါသကြ်န်အဆိုအကများ
၉း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၃၇)
၁၀း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ရင်ဆိုင်မယ့်နေ့ရက်များ" (အပိုင်း-၃၇)
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် "ကောင်းချစ်တဲ့မမ" (ပထမပိုင်း) (ကျော်သူ၊ ခင်သန်းနု၊ ဆွေဇင်ထိုက်၊ ဆုမြတ်နိုင်) (ဒါရိုက်တာ-ကျော်သူ)
၁း၁၅ ဆေးရောင်စုံရုပ်ရှင် "ကောင်းချစ်တဲ့မမ" (ဒုတိယပိုင်း) (ကျော်သူ၊ ခင်သန်းနု၊ ဆွေဇင်ထိုက်၊ ဆုမြတ်နိုင်) (ဒါရိုက်တာ-ကျော်သူ)
၃း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း - ၂)
၄း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "နွေဦးပုံပြင်" (အပိုင်း - ၂)
၅း၃၀ "ရန်အောင်နှင့်ပြည်သူချစ်သော သကြ်န်"
၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုမငြီးတဲ့ချစ်သမီး"(အပိုင်း -၃၅)

ချေးငွေသတင်းအချက်အလက်ဗဟိုဌာန လေ့လာရန် ဘဏ်တာဝန်ရှိသူများ စင်ကာပူသို့ ထွက်ခွာ

ရန်ကုန် မေ ၇

ချေးငွေထုတ်ချေးသည့် ဘဏ်များအတွက် ငွေချေးငှားသူများနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည့်စုံစွာနှင့် မှန်မှန်ကန်ကန် ရရှိစေရန်၊ ချေးငွေများဆုံးရှုံးမှုမှ အကာအကွယ်ပေးရန်အတွက် စင်ကာပူ ချေးငွေ သတင်းအချက်အလက်ဗဟိုဌာန (Credit Bureau Singapore)၏ လက်တွေ့ဆောင်ရွက်နေမှုများနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး ချေးငွေသတင်းအချက်အလက်များ စုစည်း၍ ဘဏ်များမှတောင်းခံလျှင် ပေးပို့သည့် လုပ်ငန်းစဉ်များကို လက်တွေ့လေ့လာရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းဇော် ဦးဆောင်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ သမဝါယမဘဏ်လီမိတက်၊ မြဝတီဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ ယူနိုက်တက်အမရဘဏ်လီမိတက်၊ ဧရာဝတီဘဏ်လီမိတက်တို့မှ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အုပ်ချုပ်မှု ဒါရိုက်တာများပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်တွင် ရန်ကုန်မြို့မှ စင်ကာပူနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာမြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရသည်။ **(အောက်ပုံ)** **(ကြေးမုံ)**

ပလင်းတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

စားသုံးသူကာကွယ်ရေး ကွင်းဆင်းပညာပေးစစ်ဆေး

ရန်ကုန်　　ဧပြီ　၇

ဘေးအန္တရာယ်ကင်းရှင်းသော စားသောက်ဖွယ်ရာများကို ဝယ်ယူစားသုံးနိုင်ကြစေရန် စားသုံးသူပညာပေး စစ်ဆေးခြင်းကို မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးအသင်းက ယမန်နေ့နံနက်တွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဖော့ကန်ရှိ ပဒေသာဈေးသို့ ကွင်းဆင်းသွားရောက် လုပ်ဆောင်ခဲ့ကြသည်။ **(ယာပုံ)**

အဆိုပါဈေးအတွင်း ဈေးရောင်းချသူများသာမက ဈေးလာဝယ်သူများကိုလည်း ဘေးအန္တရာယ်ကင်းသော စားသောက်ဖွယ်ရာများ စီမံရောင်းချနိုင်ရန် ပညာပေးသည့်အပြင် ပညာပေးလက်ကမ်းစာရွက်များ ဝေငှခဲ့ပြီး စားသုံးသူအန္တရာယ်ဖြစ်စေသော ရောင်းချမှုမျိုးမလုပ်ဆောင်ကြရန် ပညာပေးဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

"လူတွေက မသိသေးတာကိုတွေ့ရတယ်။ ရောင်းတဲ့သူက ဘေးကင်းစွာစီမံပေးနိုင်မှ ဝယ်စားတဲ့သူအတွက်လည်း ဘေးကင်းမယ်။ ဝယ်စားတဲ့သူကလည်း ဘေးအန္တရာယ်ကင်းရှင်းမှုကို မကြည့်ဘဲ ဈေးနှုန်းကိုပဲကြည့်ပြီး ဈေးသက်သာတာကို ဝယ်ယူတာမျိုးတွေတွေ့ရတယ်။ အစားအသောက်ဘေးကင်းဖို့ ရောင်းသူရော ဝယ်စားတဲ့သူပါ နှစ်ဦးနှစ်ဖက် အသိပညာရှိရမယ်။ ဒီမှာက အသိပညာနည်းနေသေးတာကို တွေ့ရပါတယ်"ဟု အဆိုပါ ပဒေသာဈေးသို့ ကွင်းဆင်းစစ်ဆေးမှုနှင့်ပတ်သက်၍ အသင်းအတွင်းရေးမှူး ဒေါ်စိုးကလျာထိုက်က သုံးသပ်ပြောကြားသည်။

အဆိုပါအသင်းသည် ယခင်ကလည်း အပတ်စဉ်ဈေးများအတွင်းသို့ ကွင်းဆင်းပညာပေးစစ်ဆေးမှုများ လုပ်ဆောင်ခဲ့သည့်အပြင် ဆက်လက်ပြီး ကွင်းဆင်းပညာပေးမှုများ လုပ်ဆောင်သွားရန်စီစဉ်ထားကြောင်း သိရသည်။
(၆၈၀)

နှစ်ဦးအတာ သင်္ကြန်ခါ

❋ ရာသီငယ်ထူး
လတန်ခူး ရောက်လျှင်ပ
မြရောင်လွှာ ပိတောက်ငုံဖူးရယ်နဲ့
ရွှေဝါရောင် ဖိတ်တောက်အသွေး. . .

❋ နွေဦးရောက်သည့်ချိန်မှာ
ပိတောက်နှင့် ပြိုင်ကာပေါ်လာသည့်
ငုဝါနှင့် စိန်ပန်းပြာ
မွှေးရနံ့ရယ် သင်းပါလို့
ရေသဘင်ဆက်ကာနွှဲတယ်
မြန်မာတို့ရဲ့ သင်္ကြန်ခါ. . .

❋ နှစ်သစ်ဦး
နွေအလှရယ်က
ရေသဘင်အတာပွဲနှင့်
နှစ်ဟောင်းကို စွန့်ခွာလို့
နှစ်သစ်မှာ ရွှင်မြူးကြတယ်
မြန်မာမှု အတာသင်္ကြန်ပွဲ. . . ။

ရွှေတိုင်လွင်

အကောင်းဆုံးဆုသည် ပိုမိုကြိုးစားရန် တွန်းအားတစ်ရပ်ဖြစ်ကြောင်း ဦးဇော်ဇော် ပြောကြား

ရန်ကုန်　　ဧပြီ　၇

ဧပြီ ၃ ရက်က အာဆီယံ ဘောလုံးအဖွဲ့ချုပ် ဆုပေးပွဲ အခမ်းအနားတွင် ချီးမြှင့်ခြင်းခံရသည့် AFF Member Association of the Year 2012 ဆုသည် ဘောလုံးအဖွဲ့ချုပ်၏ဝန်ထမ်းအားလုံး၏ ကြိုးစားခဲ့ခြင်းကြောင့် ရရှိခဲ့သည့် ရလဒ်တစ်ခုဖြစ်ကြောင်းနှင့် အကောင်းဆုံးအဖွဲ့ချုပ်ဖြစ်သည်နှင့်အညီ ပိုမိုကြိုးစားလုပ်ဆောင်ရန် တွန်းအားတစ်ရပ်လည်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်ခဲ့သည့် ဝန်ထမ်းများနှင့် တွေ့ဆုံခြင်း အခမ်းအနားတွင် ပြောကြားခဲ့သည်။

"ဘောလုံးအဖွဲ့ချုပ်ရဲ့ လုပ်ဆောင်မှုတွေအပေါ် နိုင်ငံတကာအသိုင်းအဝိုင်းက အသိအမှတ်ပြု ချီးမြှင့်တဲ့ဆုပါ။ ဥက္ကဋ္ဌတစ်ယောက်တည်းက လုပ်လို့ရတာမဟုတ်ဘဲ အောက်ခြေဝန်ထမ်းတွေကအစ ဘောလုံးအဖွဲ့ချုပ်တာဝန်ရှိသူ အသီးသီးရဲ့ ပူးပေါင်းဆောင်ရွက်မှုကြောင့် အခုလိုဆုရရှိခဲ့တာပါ။ အခုဆုပေးပွဲ အခမ်းအနားမှာ အမျိုးသမီးအသင်းနည်းပြဆုကိုလည်း နည်းပြ မစ္စတာကုမာဒါက ရခဲ့သလို ကြည်လင်းကလည်း

အာဆီယံ အကောင်းဆုံး ၁၁ ယောက်စာရင်းမှာ အရွေးခံခဲ့ရပါတယ်။ အကောင်းဆုံးဆုအတွက် နောက်ဆုံးဆန်ခါတင် လေးဦးထဲမှာလည်းပါခဲ့တယ်။ ဒီလိုပါပဲ အမျိုးသမီးကစားသမား စန်းစန်းမော်၊ ဖူလ်ဆယ်ကစားသမား ပြည့်ဖြိုးမောင်တို့လည်း ဆန်ခါတင်ရွေးချယ်ခံခဲ့ရပါတယ်။ ဒါတွေဟာ အားလုံးအတွက် ဝမ်းသာစရာသတင်းတွေပါပဲ"ဟု ပြောကြားခဲ့သည်။

၎င်းက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနိုင်ငံများနှင့်ယှဉ်လျှင် များစွာနောက်ကျ ကျန်ခဲ့ပြီဖြစ်သော်လည်း အခက်အခဲများကြားမှ ယခုကဲ့သို့ အာဆီယံက ပထမဆုံးချီးမြှင့်သည့် ဆုတစ်ခုကို ရရှိခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ဝန်ထမ်းများအားလုံးအနေဖြင့်လည်း ဂုဏ်ယူသင့်ပါကြောင်း၊ အနာဂတ်တွင် ပိုမိုလုပ်ဆောင်နိုင်ရန်အတွက် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ကြောင်း၊ ထို့အတွက်ကြောင့် ယခုထက် ပို၍ စနစ်တကျ ကြိုးပမ်းအားထုတ်လုပ်ဆောင်ကြရန်လည်း လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။ "အဖွဲ့ချုပ်ရခဲ့တဲ့ ဆုက ဝန်ထမ်းအားလုံးနဲ့ သက်ဆိုင်ပါတယ်။ အာလုံးအနေနဲ့ ဒါငါတို့လုပ်ဆောင်မှုဆိုပြီး ဂုဏ်ယူနိုင်ပါတယ်။ ဒါပေမယ့် တစ်ခုမှာချင်တာက ဘဝင်မြင့်လို့တော့ မရဘူးဆိုတာပါပဲ။ နိုင်ငံရဲ့ ဂုဏ်သိက္ခာကို ဖော်ဆောင်ပေးနိုင်တဲ့ အဖွဲ့အစည်းတစ်ခုရဲ့ ဝန်ထမ်းတွေဟာ ပရော်ဖက်ရှင်နယ် ဖြစ်ရပါမယ်။ ကိုယ်လုပ်တဲ့ အလုပ်၊ ကိုယ်တာဝန်ယူထားတဲ့ ကိစ္စတွေကို ကျေပွန်အောင် ထမ်းဆောင်ရပါမယ်။ နှစ်ဟောင်းက အညစ်အကြေးတွေကို နှစ်သစ်ကို သယ်ဆောင်မလာခဲ့ဘဲ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆက်ပြီး ကြိုးပမ်းကြပါလို့ တိုက်တွန်းလိုပါတယ်" ဟု ဦးဇော်ဇော်က ပြောကြားခဲ့သည်။
(၁၀၇)

မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းပါ

အသည်းရောင်အသားဝါ 'ဘီပိုး' ကာကွယ်ဆေးအခမဲ့ထိုးပေးမည်

ရန်ကုန်　　ဧပြီ　၇

မြန်မာနိုင်ငံရပ်ရှင်အစည်းအရုံးနှင့် MYANMAR LIVER FOUNDATION (MLF) တို့မှ ပူးပေါင်း၍ အခြေခံစက်မှုလုပ်သားများအား အသည်းရောင်အသားဝါ 'ဘီပိုး' ကာကွယ်ဆေးအခမဲ့ထိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ 'ဘီပိုး' ကာကွယ်ဆေးအခမဲ့ထိုးပေးမည့် အစီအစဉ်များတွင် 'ဘီပိုး' ရှိ မရှိစမ်းသပ်စစ်ဆေးပေးခြင်း၊ 'ဘီပိုး' မရှိသူများအားကာကွယ်ဆေးထိုးပေးခြင်း၊ 'ဘီပိုး' ရှိသူများအတွက် အသည်းအထူးကုဆရာဝန်ကြီးများဖြင့် သီးသန့်အကြံပြု ဆွေးနွေးပေးခြင်းများပါဝင်ကြောင်း သိရသည်။

'ဘီပိုး' မရှိသောအခြေခံစက်မှုလုပ်သားများအတွက် ပထမအကြိမ်အဖြစ် ဧပြီ ၁၂ ရက်တွင် လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် မေ ၁၂ ရက်တွင်လည်းကောင်း၊ တတိယအကြိမ်အဖြစ် အောက်တိုဘာ ၁၂ ရက်တွင် လည်းကောင်း ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးမည့် စက်မှုလုပ်သားများအား ဧပြီ ၈ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၌ ကြိုတင်စာရင်းပေးသွင်းကြရန် ကြေညာထားသည်။

ပထမအကြိမ်အဖြစ် ဧပြီ ၁၂ ရက် (သောကြာနေ့) နံနက်ပိုင်း ၉ နာရီမှစ၍ ကျင်းပသွားရန်ရှိပြီး ပါဝင်ကုသိုလ်ယူလှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(စိုးဝင်း-MLA)

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
အိတ်ဖွင့်တင်ဒါဖိတ်ခေါ်ခြင်း

၁။ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဆောင်ရွက်ရန်ရှိသော အောက်ဖော်ပြပါလုပ်ငန်းအတွက် တင်ဒါပုံစံများ ဝယ်ယူအဆိုပြုတင်သွင်းနိုင်ရေး ဖိတ်ခေါ်အပ်ပါသည်-
သီလဝါဆိပ်ကမ်းဒေသ မြေကွက်အမှတ်(၃)အား **BOT** စနစ်ဖြင့်
ငှားရမ်းပြီး ကတ္တရာနှင့် ရေနံဆက်စပ်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးရန်
ဆိပ်ခံတံတားနှင့် သိုလှောင်ကန်များ တည်ဆောက်ခြင်းလုပ်ငန်း
၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား ရင်းနှီးမြှုပ်နှံမည့် လူပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။
၃။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင် USD 500 နှုန်းဖြင့် ၁၀-၄-၂၀၁၃ ရက်နှင့် ၁၁-၄-၂၀၁၃ ရက်များတွင် ရုံးချိန်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ မြေညီ ထပ်ရှိ စာရင်းဌာနတွင် ရောင်းချသွားမည် ဖြစ်ပါသည်။
၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၂၅၃၃၅၈၊ ၀၁-၃၈၇၁၁၆ Ext-၃၀၃ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ကျေးဇူးဆပ်ပါမည်
ရွှေပဥ္စဂံရေကြောင်းဆိုင်ရာ ဝန်ဆောင်မှုကုမ္ပဏီလီမိတက်မှတ်ပုံတင်လက်မှတ် မူရင်းပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၆၁၉၀၀

လူထုအခြေပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်း
Brand Name, Logo နှင့် Slogan ပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

"စီမံကိန်းအမည်၊ စီမံကိန်းကိုယ်စားပြု အမှတ်အသားပုံ (Logo) နှင့် စီမံကိန်းဆောင်ပုဒ်" ပြိုင်ပွဲ
www.cddmyanmar.blogspot.com နှင့် www.drdmyanmar.org
ပြိုင်ပွဲပိတ်ရက် - ၂၄ ဧပြီ ၂၀၁၃
အီးမေးလ်-drdmyanmar@gmail.com

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

အမှတ်(၁၁/အေ)၊ မကြီးကြီးလမ်း(ဂုတ်ခြံ)၊ စမ်းချောင်းမြို့နယ်၊ ၂၄ပေအကျယ် ကိုယ်ပိုင်လမ်းဖြင့် ဝင်ရသည်။ ၀.၂၄ ဧက ကျယ်ဝန်းပြီး ပြည်လမ်းနှင့် ပိုနီးသည်။
ဆက်သွယ်ရန်-
ဖုန်း-၀၉-၅၀၂၁၅၃၈၊
၀၉-၈၃၀၂၆၆၆

မီးသတ်ပြု



ငြင်းချက်ထုတ်ရန်သမ္မန်စာ
တရားမကျင့်ထုံးအမိန့်-၅၊ နည်းဥပဒေ-၂၀
မုဒုံမြို့နယ်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၁

ဦးလှသိန်း　　နှင့်　　၁။ ဒေါ်မြင့်မြင့်အေး
၂။ ဦးဝင်းဇော်
၃။ ဒေါ်တင်တင်ညို
(လျှောက်ထားသူ)　　(လျှောက်ထားခံရသူများ)

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ မြို့မ(၄)ရပ်ကွက်၊ သမိန်ဗရမ်း(၃)လမ်း၊ အိမ်အမှတ်(၆၀)နေ ဦးဝင်းဇော်၊ ဒေါ်တင်တင်ညို(ယခုနေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

သင့်အပေါ်၌ လျှောက်ထားသူက "တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၅၁ အရဝရမ်းခွာလိုမှု"ကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ်ဖြစ်စေ၊ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်လာ၍ဖြစ်စေ၊ ၂၀၁၃ခုနှစ်၊ ဧပြီလ ၁၀ ရက် (၁၃၇၄ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်) နံနက် ၁၀ နာရီတွင် အထက်ပါလျှောက်ထားသူ၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။

၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ထို့ပြင် လျှောက်ထားသူက ကြည့်ရှုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။
(နေမျိုး)
မြို့နယ်တရားသူကြီး၊ မုဒုံမြို့နယ်တရားရုံး

Rolling Stones ရော့ခ်အဖွဲ့၏ ဂီတပွဲစဉ်နှစ်ပွဲ ထပ်မံတိုးချဲ့

နာမည်ကျော် ရော့ခ်ဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သော Rolling Stones တေးဂီတအဖွဲ့က ၎င်းတို့အဖွဲ့၏ 50 and Counting အမည်ရှိ ကမ္ဘာလှည့်ဂီတဖျော်ဖြေပွဲတွင် ပရိသတ်များ၏ တောင်းဆိုမှုအရ တိုရွန်တိုမြို့နှင့် ချီကာဂို မြို့များ၌ ဂီတဖျော်ဖြေပွဲနှစ်ပွဲကို ထပ်မံထည့်သွင်းစီစဉ်ထားသည်ဟု ဧပြီ ၅ ရက်က ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ရော့ခ်အဖွဲ့၏ ဒုတိယပွဲစဉ်ဖြစ်သည့် ဂီတဖျော်ဖြေပွဲကို မေ ၅ ရက်တွင် ကယ်လီဖိုးနီးယားပြည်နယ် Oakland မြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ယင်းနောက် လတ်စ်ဗီးဂတ်စ်၊ တိုရွန်တို၊ ချီကာဂိုနှင့် ဘော့စတွန်မြို့များသို့ ဇွန် ၁၈ ရက်အထိ ဖျော်ဖြေတင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ဂီတဖျော်ဖြေပွဲစဉ်တွေကို ခရစ္စမတ်မတိုင်မီ အပြီးကျင်းပသွားမှာဖြစ်ပြီး အဲဒီဂီတဖျော်ဖြေပွဲအတွက် အကောင်းဆုံးပြင်ဆင်ထားပါတယ်။ အကောင်းဆုံးဖြစ်အောင်လည်း လုပ်သွားမှာပါ" ဟု Rolling Stones ရော့ခ်ဂီတအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ Jagger က ပြောကြားခဲ့သည်။

မြိုးစန္ဒာမြင့် ➤ စုစည်းသည်

မြန်မာနိုင်ငံမှ ကယန်းအလှဇာတ်ကား အာဆီယံနိုင်ငံတကာရုပ်ရှင်ပွဲတော်၌ ဆုရရှိ

အာဆီယံဒေသတွင်းနိုင်ငံများ၏ အာဆီယံနိုင်ငံတကာရုပ်ရှင်ပွဲတော်ဆုပေးပွဲအခမ်းအနားကို မလေးရှားနိုင်ငံ မြို့တော် Kuching ၌ ကျင်းပခဲ့ရာ Special Jury Award ဆုကို မြန်မာနိုင်ငံမှ ဒါရိုက်တာ အောင်ကိုလတ်၏ Kayan Beauties ဇာတ်ကားဖြင့်လည်းကောင်း၊ အင်ဒိုနီးရှား နိုင်ငံမှ Rectoverso ဇာတ်ကားဖြင့်လည်းကောင်း၊ ဘရူနိုင်းမှ Ada Apa Dengan Rina ဇာတ်ကားဖြင့်လည်းကောင်း၊ စင်ကာပူနိုင်ငံမှ Taxi! Taxi! ဇာတ်ကားတို့က ဆုများ အသီးသီးဆွတ်ခူးရရှိခဲ့ကြသည်။



ထို့ပြင် အဆိုပါဆုပေးပွဲအခမ်းအနားတွင် မလေးရှားသရုပ်ဆောင်မစ်ချယ်လ်လီက တစ်သက်တာ အကောင်းဆုံးအနုပညာရှင်ဆုကိုလည်းကောင်း၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုကို မလေးရှားအဆိုတော် သရုပ်ဆောင် Shaheizy Sam က Songlap ဇာတ်ကားဖြင့် လည်းကောင်း၊ အကောင်းဆုံးအက်ရှင်ဇာတ်ကားဆုကို Songlap ဇာတ်ကားကလည်းကောင်း၊ အကောင်းဆုံး ဒါရိုက်တာဆုကို အင်ဒိုနီးရှားမှ ဒါရိုက်တာ Riri Riza က Atambua 39 Degree Celcius ဇာတ်ကားဖြင့် လည်းကောင်း အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

ယင်းဆုပေးပွဲအခမ်းအနားမှ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုရရှိခဲ့သူ မင်းသား Shaheizy Sam က "ဒီဆုကို ရရှိဖို့အတွက် မျှော်လင့်မထားခဲ့ပါဘူး၊ ဒါပေမယ့် အခုလိုဆုရရှိလာတဲ့အခါ အရမ်းအားရကျေနပ်မိပါတယ်၊ အနုပညာလုပ်ဖော်ကိုင်ဖက်တွေနဲ့ အမှတ်ပေးဒိုင်အဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်းအပြင် မလေးရှားဒါရိုက်တာ U-Wei Shaari က Hanyut ဇာတ်ကားဖြင့် အဆိုပါဆုပေးပွဲ၏ အထူးဂုဏ်ပြုဆုကိုလည်းကောင်း၊ အကောင်းဆုံး ဟာသဇာတ်ကားဆုကို Istanbul Aku Datang ဇာတ်ကားကလည်းကောင်း အသီးသီးဆွတ်ခူးခဲ့ကြကြောင်း သိရသည်။

ပေကျင်းတွင် ပရိုမိုးရှင်းပွဲပြုလုပ်ခဲ့သည့် Iron Man 3 ဇာတ်ကား

Iron Man 3 အမည်ရှိ စူပါဟီးရိုးဇာတ်ကားကို ပြီးခဲ့သည့်လအတွင်းက တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ဖြန့်ချိပြသခဲ့ပြီးနောက် အဆိုပါ ဇာတ်ကားမှ အဓိကသရုပ်ဆောင် ဟောလိဝုဒ်စတား ရောဘတ်ဒေါင်နေးသည် ယခုအခါ တရုတ်နိုင်ငံပေကျင်းမြို့၌ အဆိုပါ Iron Man 3 ဇာတ်ကားအတွက် ပရိုမိုးရှင်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

Iron Man 3 ဇာတ်ကား၏ အချို့သော ဇာတ်ဝင်ခန်းများကို တရုတ်နိုင်ငံတွင် ရိုက်ကူးခဲ့ပြီး တရုတ်နိုင်ငံ၏ နာမည်ကျော်သရုပ်ဆောင်များလည်း ယင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားကြသည်။

အဆိုပါဇာတ်ကားတွင် သရုပ်ဆောင် ရောဘတ်ဒေါင်နေးက တိုနီစတက်အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး ဒေသတွင်း ရုပ်ရှင်ချစ်ပရိတ်သတ်များအား အဆိုပါ စူပါဟီးရိုးဇာတ်ကားအား ကြည့်ရှုကြရန် တိုက်တွန်းလိုပါကြောင်းနှင့် ယင်းဇာတ်ကားရိုက်ကူးလိုက်မှ တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုနှင့် တရုတ်ရုပ်ရှင်များကို စွဲမက်လာခဲ့ပါကြောင်း စနေနေ့တွင် ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် ရောဘတ်က ပြောကြားခဲ့သည်။

Iron Man 3 ဇာတ်ကားသည် ဟောလိဝုဒ်နှင့် တရုတ်နိုင်ငံ၏ DMG ရုပ်ရှင်ကုမ္ပဏီတို့ ပူးပေါင်းဖန်တီးထားသော ဇာတ်ကားတစ်ကားဖြစ်ပြီး ယင်းဇာတ်ကားတွင် တရုတ်သရုပ်ဆောင် Wang Xueqi က Dr.Wu အဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါဇာတ်ကားသည် တရုတ်နိုင်ငံ၏ ယဉ်ကျေးမှုများ ကမ္ဘာသို့ ထိုးဖောက်နိုင်ရန် စတင်မိတ်ဆက်သည့် ခြေလှမ်းသစ်တစ်ရပ် ဖြစ်ပါကြောင်းနှင့် တရုတ်နိုင်ငံသည် ဟောလိဝုဒ်၏ ပြည်ပဈေးကွက်တစ်ခု ဖြစ်လာပြီဖြစ်ကြောင်း DMG ကုမ္ပဏီ၏ ဥက္ကဋ္ဌ ဖြစ်သူ Xiao Wenge က ပြောကြားခဲ့သည်။







ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာအပါအဝင် အိမ်ရှင်အသင်းအားလုံး နိုင်ပွဲရခဲ့သည့် လာလီဂါပွဲစဉ်များ

ဧပြီ ၆ ရက် ညပိုင်းနှင့် ၇ ရက် နံနက်ပိုင်းတို့တွင် ယှဉ်ပြိုင်ကစားခဲ့သော လာလီဂါပွဲစဉ် (၃၀)တွင် စပိန်လာလီဂါ၏ ထိပ်တန်းအဆင့်ရှိ အသင်းကြီးနှစ်သင်းဖြစ်သည့် ဘာစီလိုနာနှင့် ရီးယဲလ်မက်ဒရစ်တို့အပါအဝင် အိမ်ရှင်အသင်းအားလုံး နိုင်ပွဲကိုယ်စီရရှိခဲ့ကြသည်။

ယင်းပွဲစဉ်များအနက်မှ လာလီဂါ၏ အမှတ်ပေးဇယားကိုဦးဆောင်နေသော ဘာစီလိုနာအသင်းနှင့် တန်းဆင်းဇုန်အတွင်းသို့ ကျရောက်နေသော မာယော့ကာအသင်းတို့၏ပွဲစဉ်တွင် ဘာစီလိုနာအသင်းသည် နည်းပြဗီလာနိုဗာအသင်းကို ပြန်လည်ကိုင်တွယ်လာနိုင်ချိန်တွင် လီယွန်နယ်မက်ဆီ၊ ကာလက်စ်ပူယိုး၊ အက်ဒရီနာနို၊ မာချီရာနိုစသည့် ဝါရင့်ကစားသမားအချို့ ဒဏ်ရာပြဿနာနှင့်ကြုံနေသော်လည်း မွန်တိုယား၊ ပီကေး၊ ဘာထရာ၊ အယ်ဗက်စ်၊ အင်နီယေစတာ၊ ဆောင်း၊ အယ်လ်ကန်တာရာ၊ ဖာဘရီဂတ်စ်၊ ဆန်းချက်၊ တယ်လို စသည့် ကစားသမားများဖြင့် ပွဲထွက်ကစားခဲ့ရာ ဖာဘရီဂတ်စ်၏ ဟက်ထရစ်ဂိုး၊ ဆန်းချက်၏ သွင်းဂိုးနှစ်ဂိုးတို့ဖြင့် မာယော့ကာအသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲစဉ်တွင် ဘာစီလိုနာအသင်းအတွက် ဂိုးများကို ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်က ပွဲကစားချိန် မိနစ် ၂၀၊ ၃၇ မိနစ်နှင့် ၄၆ မိနစ်တို့တွင် သုံးဂိုးအထိ သွင်းယူပေးခဲ့ပြီး ဆန်းချက်က ၂၂ မိနစ်နှင့် ၃၉ မိနစ်တို့တွင် သွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ဘာစီလိုနာအသင်းသည် ယင်းပွဲစဉ်အနိုင်ရရှိခဲ့ပြီးနောက် အမှတ်ပေးဇယား၏ ဒုတိယနေရာမှ ရီးယဲလ်မက်ဒရစ်အသင်းကို ၁၃ မှတ်အသာဖြင့် ဆက်လက်ဦးဆောင်လျက်ရှိသည်။

ရီးယဲလ်မက်ဒရစ်အသင်းနှင့် လီဗန်တေးအသင်းတို့၏ပွဲစဉ်တွင်မူ ရီးယဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်ဒို၊ အလွန်ဆို၊ ဟီဂူဘင်၊ ဘင်ဇီမာ၊ ကာကာ၊ မိုဒရစ်၊ ရာမို့စ်၊ ပီပီ စသည့် ကစားသမားများဖြင့် ၄-၂-၃-၁ ပုံစံ ပွဲထွက်ကစားစေခဲ့သည်။ ယင်းပွဲစဉ်တွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ဗာရာနီ၊ ခီဒီယာ၊ ကိုအန်ထရာအို၊ ကာဗယ်ဟို စသည့် ကစားသမားများ ဒဏ်ရာရနေ၍ မပါဝင်နိုင်ခဲ့သော်လည်း ဟီဂူအင်ကို တိုက်စစ်အထောင်ထားကာ အလွန်ဆို၊ မိုဒရစ်နှင့် ဘင်ဇီမာတို့၏ တိုက်စစ်ကစားကွက်များဖြင့် လီဗန်တေးအသင်းကို ဘာနေဗျူး၌ ဧည့်ခံကစားခဲ့ရာ ရီးယဲလ်မက်ဒရစ်အသင်းက ဧည့်သည်လီဗန်တေးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ပထမပိုင်းတွင် ရီးယဲလ်မက်ဒရစ်အသင်းသည် ဟီဂူအင်၏ အဖွင့်ဂိုး၊ ကာကာ၏ ပင်နယ်တီဂိုးတို့ဖြင့် လီဗန်တေးအသင်းကို ဦးဆောင်ကစားနိုင်ခဲ့ပြီး ရီးယဲလ်မက်ဒရစ်အတွက် အဓိကအားထားရသည့် စီရိုနယ်ဒိုနှင့် အိုဇေးလ်တို့ကို လူစားလဲထည့်သွင်းကစားစေခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်၏ ဂိုးပေါက်ခြိမ်းခြောက်မှုများသည် ပိုမိုကောင်းမွန်လာကာ ၈၄ မိနစ်တွင် စီရိုနယ်ဒိုက တစ်ဂိုးနှင့် ၈၇ မိနစ်နှင့် မိနစ် ၉၀ တို့တွင် အိုဇေးလ်က နှစ်ဂိုးဆက်တိုက်သွင်းယူပေးခဲ့သဖြင့် ရီးယဲလ်မက်ဒရစ်အသင်းက လီဗန်တေးအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အခြားပွဲစဉ်နှစ်ခုဖြစ်သည့် ရီးယဲလ်ဆိုစီဒက်နှင့် မာလာဂါတို့၏ပွဲစဉ်တွင် ရီးယဲလ်ဆိုစီဒက်က မာလာဂါကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒီပို့တီဗိုနှင့် ဇာရာဂိုဇာတို့၏ပွဲစဉ်တွင်မူ အိမ်ကွင်းယှဉ်ပြိုင်ရသည့် ဒီပို့တီဗိုအသင်းက ဇာရာဂိုဇာအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြသည်။

ပေါင် ၁၄ သန်းရပါက နာနီကိုရောင်းရန် မန်ယူဆန္ဒရှိနေ



ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် ယခုနှစ်ဘောလုံးရာသီကုန်ပါက တောင်ပံကစားသမား နာနီအား ရောင်းချသွားရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

နာနီအား စာချုပ်သစ်ချုပ်ဆိုရေးနှင့် ပတ်သက်၍ မန်ယူအသင်းနှင့် နာနီအကြား ဆွေးနွေးမှုများသည် ၎င်း၏ လုပ်ခလစာတောင်းဆိုမှုနှင့် ပတ်သက်၍ ဆွေးနွေးမှုပျက်ပြယ်ခဲ့ပြီး နာနီအား စာချုပ်သစ်ချုပ်ဆိုရေးမှာ သဲထဲရေသွန်သကဲ့သို့ အရာမထင်ဖြစ်ခဲ့ရသည်။

ထို့အပြင် မန်ယူအသင်းက ချယ်လ်ဆီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ် ပြန်ကန်ပွဲတွင် နာနီ၏ကစားပုံညံ့ဖျင်းမှုကြောင့်သာ ရှုံးခဲ့ရသည်ဟု မန်ယူအသင်းနည်းပြ ဆာအဲလက်စ်ဖာဂူဆန်က ပြောကြားခဲ့သည်။

ထို့ကြောင့် နည်းပြကြီး ဖာဂူဆန်က တောင်ပံကစားသမားနာနီနေရာတွင် အစားထိုးကစားသမားတစ်ဦး ခေါ်ယူမည်ဟု ဆိုသည်။ နာနီသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ တစ်နှစ်ကျန်ရှိနေသေးသော်လည်း နာနီအား ပေါင် ၁၄ သန်းရပါက ရောင်းချမည်ဟု ဆိုသည်။

ရုရှားကလပ် ဇင်းနစ်အသင်းနှင့် အီတလီကလပ် အင်တာမီလန်အသင်းတို့ကမူ မန်ယူတောင်ပံကစားသမား နာနီအား ခေါ်ယူရန် ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကတည်းက ထုတ်ဖော်ပြောကြားခဲ့ပြီး ဖြစ်သည်။

ပီအက်စ်ဂျီနည်းပြအဖြစ် တာဝန်ယူရန် အသင့်ရှိနေတယ်ဆိုတဲ့ မော်ရင်ဟို

လက်ရှိ ရီးယဲလ်မက်ဒရစ်အသင်းနည်းပြ စပယ်ရှယ်ဝမ်းမော်ရင်ဟိုသည် ယခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလတွင် ရီးယဲလ်မက်ဒရစ်အသင်းကို စွန့်ခွာရန် ပြင်ဆင်နေသည့်အပြင် ပါရီမြို့အခြေစိုက် ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းနှင့်အတူ ဥရောပဘောလုံးလောကတွင် အောင်မြင်မှုရယူရန် အသင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် အသင်းဟောင်းချယ်လ်ဆီးအသင်းနှင့် အင်္ဂလန်ဘောလုံးလောကကို တစ်ကျော့ပြန်လည်ခြေချရန် ဆန္ဒရှိနေခဲ့သူဖြစ်ပြီး လက်ရှိအချိန်တွင်မူ နည်းပြအန်ဆန်လော့တီ၏နေရာတွင် အစားထိုးကိုင်တွယ်ရန် ပီအက်စ်ဂျီနည်းပြဖြစ်လာရန် ဦးတည်လာပြန်ပြီဖြစ်သည်။

ပီအက်စ်ဂျီအသင်းပိုင်ရှင်များကလည်း ပီအက်စ်ဂျီအသင်းကို ယခုထက်ပိုမိုအောင်မြင်မှုရရှိရန်နှင့် ပေါ်တူဂီ၊ အင်္ဂလန်၊ အီတလီနှင့် စပိန်ဘောလုံးလောကများတွင် စံချိန်တင်ထားသည့် နည်းပြမော်ရင်ဟိုကိုခေါ်ယူရန် ဆန္ဒရှိနေကြောင်း သိရသည်။

မော်ရင်ဟိုသည် ချယ်လ်ဆီးသို့ပြန်ရန်ပြောကြားခဲ့သော်လည်း ၎င်း၏အဓိကပစ်မှတ်မှာ မန်ယူနည်းပြဖြစ်လာရေးဖြစ်ပြီး မန်ယူအသင်းကို ကိုင်တွယ်ရမည့် အခွင့်အရေးမရမီ ပီအက်စ်ဂျီအသင်းနည်းပြ ဖြစ်လိုသည်ဟု ဆိုသည်။

လက်ရှိတွင်မူ မော်ရင်ဟိုသည် ရီးယဲလ်မက်ဒရစ်ကို စွန့်ခွာရန်မှာသေချာနေပြီး ယင်းမှာလည်း မော်ရင်ဟို၏ သမီးဖြစ်သူ မက်တီလ်ဒီမှာ ယခုနှစ်ကုန်ပိုင်းတွင် လန်ဒန်၌ ပညာသင်ယူမည်ဖြစ်ခြင်းကြောင့် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
မူဆယ်-နမ့်ခမ်းနယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း
အလုပ်အမှုဆောင်အဖြစ် အဆိုပြုနိုင်ရန် ဖိတ်ခေါ် ခြင်း

မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း၏ (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၃-၂၀၁၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်ဖွဲ့စည်းရာတွင် အသင်းအလုပ်အမှုဆောင်အဖြစ် ပါဝင်ဆောင်ရွက်လိုသည့် အသင်းဝင်များအနေဖြင့် မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များ အသင်းရုံး၊ မူဆယ်မြို့တွင် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်မှစ၍ "အဆိုပြုလွှာ"များ ထုတ်ယူနိုင်ပါသည်။ ၂၀၁၃ခုနှစ် ဧပြီလ ၁ရက်မှ ၂၀၁၃ခုနှစ်၊ မေလ ၁၅ ရက်အတွင်း "အဆိုပြုလွှာ"များ တင်သွင်းနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဦးခင်ဇော်(ရုံးအုပ်)

ဖုန်း - ၀၈၂-၅၀၆၄၈၊ ၅၂၉၈၄၊ ၀၉-၅၂၃၂၂၅၀၊ ၀၉-၅၂၁၄၀၇၅၊ ၀၆၉၂-၆၂၈၂၅၅၄၊ ၆၂၀၅၄၇၄

အလုပ်အမှုဆောင်အဖွဲ့
မူဆယ်-နမ့်ခမ်း နယ်စပ်ကုန်သွယ်ရေးကုန်သည်များအသင်း

အိတ်ဖွင့်တင်ဒါ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
ရန်ကုန်မြို့

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ရန်ကုန်မြို့၏ ရုံးအဆောက်အအုံများကို ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် သာမန်အသုံးစရိတ်ခွင့်ပြုငွေဖြင့် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဆေးသုတ်ခြင်း၊ ရေလိုင်းမီးလိုင်း သွယ်တန်းခြင်းလုပ်ငန်းများဆောင်ရွက်ရန်နှင့် ရုံးသုံးစက်ပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူလိုပါသည်။

၂။ တင်ဒါများကို ၁၁-၄-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက်၁၀း၃၀နာရီတွင် မြန်မာ့နိုင်ငံခြား ကုန်သွယ်မှုဘဏ်၌တစ်ပြိုင်တည်းဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ စီမံရေးရာဌာနတွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါပုံစံများနှင့်တင်ဒါစည်းကမ်းချက်များကို မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံရေးရာဌာနတွင် ဝယ်ယူနိုင်ပြီး တင်ဒါများကို ၁၁-၄-၂၀၁၃ရက် နံနက် ၁၀း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်



မီးဖိုမီးကြွင်းမီးကျန်မှ မီးလောင်မှုဖြစ်ပွား

ဘုတလင် မေ ၇

မုံရွာခရိုင် ဘုတလင်မြို့နယ် ရဲထွက်ကျေးရွာတွင် မေ ၁ ရက် ည ၁၀ နာရီခန့်က မီးလောင်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရဲထွက်ကျေးရွာနေ ဦးချစ်အောင်၏ ထန်းရွက်မိုး၊ ထရံကာ၊ မြေစိုက် နေအိမ်မီးကြွင်းမီးကျန်မှ မီးစတင်လောင်ကျွမ်းရာ လူနေအိမ်လေးလုံး မီးလောင်သွားကြောင်း၊ ဘုတလင်မြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာသူ ကျေးရွာသားများ ဝိုင်းဝန်းငြိမ်းသတ်မှုကြောင့် ည ၁၁ နာရီခွဲခန့်တွင် မီးလုံးဝငြိမ်းသွားကြောင်း သိရသည်။

အလားတူ မေ ၆ ရက် မွန်းလွဲ ၁ နာရီက ဘုတလင်မြို့နယ် ဇီးတောကျေးရွာအုပ်စု ဇီးတောကျေးရွာနေ ဒေါ်ခင်မာအေး၏ ၁၀ ပေပတ်လည် ထန်းရွက်မိုး၊ ထရံကာ မြေစိုက်နေအိမ်တွင် ကန်စွန်းဥပြုတ်ထားစဉ် ထရံသို့မီးကူးစက်လောင်သဖြင့် ယင်းနေအိမ်မှတစ်ဆင့် သွပ်မိုး ထရံကာ မြေစိုက်လူနေအိမ်ကိုးလုံးနှင့် အခြားအိမ်များ စုစုပေါင်း အိမ်ခြေ ၁၅ လုံး မီးကူးစက်လောင်ခံရကြောင်း သိရသည်။

မီးလောင်ရာသို့ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများ အနီးကပ်ကြီးကြပ်၍ ဘုတလင်မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများဝိုင်းဝန်းငြိမ်းသတ်နိုင်မှုကြောင့် မွန်းလွဲ ၂ နာရီကျော်တွင် မီးငြိမ်းသွားခဲ့သည်။ မီးလောင်ခံရသော အိမ်ထောင်စု ၁၅ စုမှ မိသားစုဝင် ၈၀ အား ဇီးကုန်းကျေးရွာ မူလတန်းလွန်ကျောင်းတွင် ကယ်ဆယ်ရေးစခန်းဖွင့်လှစ်၍ ကူညီစောင့်ရှောက်ထားကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ရွှေလင်ပန်းစက်မှုဇုန် ဘီစကွတ်စက်ရုံ မီးလောင်

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဦးမှိုလမ်းရှိ ဘီစကွတ်စက်ရုံတစ်ရုံ မေ ၁ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မေ ၁ ရက် နံနက် ၉ နာရီ ၄၈ မိနစ်ခန့်တွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဦးမှိုလမ်းအမှတ်(၃၃၁)ရှိ ဘီစကွတ်စက်ရုံတစ်ရုံတွင် ဘွိုင်လာအား ကျောက်မီးသွေးလောင်စာမီးထိုးစဉ် ဘွိုင်လာမီးထိုး တံခါးပွင့်ထွက်ပြီး မီးတောက်ဖြစ်ကာ အပူကာကျောက်ဂွမ်းအား မီးစွဲလောင်ရာမှ မီးလောင်ကျွမ်းပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်ငါးစီး၊ အုပ်ချုပ်မှုယာဉ်တစ်စီးတို့နှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ရာ နံနက် ၁၀ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားသည်။

မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၅၀၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီး အဆိုပါစက်ရုံမှ ဘွိုင်လာတာဝန်ခံ ထွန်းထွန်း (၂၉)နှစ် အခန်း (၄) ဦးချစ်ဆွေအဆောင် အောင်ဇေယျလမ်း (၁၉)ရပ်ကွက် လှိုင်သာယာမြို့နယ်နေသူအား မီးပေ့ါဆစွာအသုံးပြုမှုဖြင့် လှိုင်သာယာရဲစခန်းက (ပ)၃၆၆/၂၀၁၃၊ ပြစ်မှု ပုဒ်မ -၂၈၅ ဖြင့် အရေးယူထားကြောင်း သိရသည်။

ဇော်ကြီး(ပဏီတ)

ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် အမျိုးသားတစ်ဦး သေဆုံး

ရန်ကုန် မေ ၇

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရတနာပုံလမ်းအတိုင်း (၁၀၇)ရပ်ကွက်ဘက်မှ (၇၂)ရပ်ကွက်ဘက်သို့ မေ ၁ ရက် ည ၇ နာရီ ၄၅ မိနစ်တွင် ယာဉ်မောင်း (စုံစမ်းဆဲ)မောင်းနှင်လာသော တီအီးအမျိုးအစား အပြာရောင်ယာဉ်သည် စံပယ် လမ်းထိပ်အနီးအရောက် ဝဲဘက်လမ်းစပ်၌ ထိုင်နေသော ဒဂုံတောင်မြို့နယ် (၇၂)ရပ်ကွက် စံပယ်လမ်းနေ မျိုးဇော် (၃၅)နှစ်အား တိုက်မိရာ ဦးခေါင်း၊ နောက်စေ့ပေါက်ပြဲ၊ ယာလက်မောင်းနှင့် ယာပေါင်ကျိုး ဒဏ်ရာများရရှိကာ သယ်န်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်စဉ် သေဆုံးသွားသဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ(စုံစမ်းဆဲ)အပေါ် အရေးယူရန် ဒုရဲအုပ်နေလင်းထွန်း(ယာဉ်ထိန်းတပ်ဖွဲ့)မှ တိုင်တန်းမှုအား ဒဂုံတောင်ရဲစခန်းက ယာဉ်(ပ) ၅/၁၃ ပုဒ်မ ၃၀ (၄က)/၂၀၂ ဖြင့် မေ ၂ ရက်တွင် အမှုဖွင့်ပြီး တရားခံဖမ်းဆီးရမိရေး စုံစမ်းလျက်ရှိသည်။

(၃၁)

စပါးအိတ်များတင်လာသော ယာဉ်ပေါ်လိုက်ပါလာသူ ဓာတ်လိုက်သေဆုံး

သနပ်ပင် မေ ၇

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် မင်းရွာစံပြကျေးရွာနှင့် ခရမ်းကျေးရွာတို့အား ဆက်သွယ်ထားသော တံတားအနီးတွင် မေ ၄ ရက် နံနက် ၉ နာရီခွဲခန့်က စပါးအိတ်များတင်ဆောင်လာသော ဖောယာဉ်ပေါ်ပါရှိသူ လမ်းပေါ်တွင် သွယ်တန်းထားသော လျှပ်စစ်ဝါယာကြိုးနှင့် ချိတ်မိခဲ့ပြီး ဓာတ်လိုက်၍ အောက်သို့ပြုတ်ကျကာ သေဆုံးမှုဖြစ်ပွားခဲ့သည်။

မျိုးခိုင်(၄၂)နှစ် ဘုရားကြီးပိုင်းရပ်ကွက် သနပ်ပင်မြို့နယ်နေသူသည် ယာဉ်အမှတ် ၈၅/---(အနီရောင်) ယာဉ်ပေါ်တွင် စပါးအိတ်များ တင်ဆောင်မောင်းနှင်လာရာ စပါးအိတ်များပေါ်တွင် စီးနင်းလိုက်ပါလာသည့် ကျော်သူ (၂၂) မင်းရွာ စံပြကျေးရွာနေသူသည် ဝါယာကြိုးနှင့် ချိတ်မိပြီး ဓာတ်လိုက် သေဆုံးခဲ့သဖြင့် မင်းရွာရဲစခန်းမှ ယာဉ်မဆင်မခြင်မောင်းနှင်သူ မျိုးခိုင်အား ယာဉ်(ပ)၁/၂၀၁၃ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၀၄ (က)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **(၅၇၈)**

အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရမိ

မော်လူး မေ ၇

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုတိယရဲအုပ်စိုးလင်း၊ ဒုတိယရဲအုပ် မင်းသိန်းထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ သက်သေ ဦးဝင်းသိန်း၊ ဦးသံချောင်း၊ စဥ့်ခိုးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဦးတို့သည် မေ ၄ ရက် နံနက် ၅ နာရီခွဲက အင်းတော်မြို့နယ်၊ ပုန်းဟုန်ကျေးရွာအုပ်စု စဥ့်ခိုးကျေးရွာ ဖိုးသီး၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဖိုးသီး၏ အိပ်ရာပေါ်မှ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့် အလေးချိန် သုည ဒသမ ၃ ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံး၊ ဘိန်းဖြူဟုယူဆရသော အဖြူမှုန့်အလေးချိန် သုည ဒသမ ၂ ဂရမ်ခန့်ပါ ပင်နီဆီလင်တစ်လုံး၊ စုစုပေါင်းအလေးချိန် သုည ဒသမ ၅ ဂရမ်ခန့်နှင့်အတူ တိုက်ငါးလုံးတံဆိပ်ပါ သတ္တုဘူးအခွံတစ်ခုတို့အား Red Ruby စီးကရက်ဘူးခွံ အတွင်းထည့်လျက် တွေ့ရှိ၍ သက်သေများရှေ့မှောက်တွင် ရှာဖွေပုံစံဖြင့် ရေးသွင်းသိမ်းဆည်းခဲ့ပြီး နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်စိုးလင်းက မူးယစ်ဆေးဝါးဥပဒေအရ အရေးယူပေးရန် တိုင်တန်း၍ မော်လူးရဲစခန်းမှ ဆက်လက် စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ **နီတိုး(မော်လူး)**

မြေပြိုကျရာမှ ကွန်ကရစ်ပြားပိ၍ သေဆုံး

ရန်ကုန် မေ ၇

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် ဧရာဝတီရပ်ကွက် သင်္ဘောကျင်းဝင်းပေါင်းအတွင်း လူတစ်ဦး သံတိုသံစတူးဖော်စဉ် မြေကြီးပြိုကျပြီး ကွန်ကရစ်ပြားပိ၍ သေဆုံးသွားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၃၀ ရက် နံနက် ၈ နာရီခွဲခန့်တွင် အလုံမြို့နယ် ဧရာဝတီရပ်ကွက် သင်္ဘောကျင်းဝင်းပေါင်းအတွင်း၌ အလျားပေ ၁၀၀၊ အနံ ငါးပေခန့်ရှိ ကွန်ကရစ်ခင်းထားသော လမ်းအောက်တွင် ဦးသန်းထွေး(ခ)ဦးသန်းဌေး (၄၉)နှစ် ယာယီလိုင်းမိုးကောင်းသစ်ဆိပ်ဝင်း စောနောင်ရပ်ကွက် အလုံမြို့နယ်နေသူမှာ သံတိုသံစ ဝင်ရောက်တူးဖော်စဉ် အပေါ်မှ မြေကြီးနှင့်အတူ လမ်းကွန်ကရစ်ပြားပြိုကျသဖြင့် မြေကြီးနှင့် ကွန်ကရစ်ပြားပိ၍ ခန္ဓာကိုယ်နှင့်နှာခေါင်းအတွင်း ရွှံ့များပိတ်ကာ သေဆုံးသွားကြောင်း သိရသည်။ **ဇော်ကြီး(ပဏီတ)**

ဝါယာကြိုးအပူလွန်ကဲရာမှ သုံးထပ်တိုက်မီးလောင်

မုံရွာ မေ ၇

မေ ၆ ရက် ည ၈ နာရီခွဲခန့်တွင် မုံရွာမြို့ အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ(၁)လမ်းနှင့် ပြည်ထောင်စုလမ်းထောင့်ရှိ ဦးညွန့်မောင်၏နေအိမ်၌ ဝါယာကြိုးအပူလွန်ကဲပြီး မီးဘုတ်ခုံမှတစ်ဆင့် မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မုံရွာမြို့နယ် မီးသတ်တပ်ဖွဲ့၊ စည်ပင်သာယာ ရေသယ်ယာဉ်၊ ဆည်မြောင်းရေသယ်ယာဉ်၊ အရန်မီးသတ်၊ သန္ဓေမီးသတ်နှင့် မြို့နယ်ပြည်သူများဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၉ နာရီတွင် မီးလုံးဝငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် ပေ ၃၀× ပေ ၄၀ အာရ်စီသုံးထပ်အဆောက်အအုံ ကြမ်းခင်းနှင့် တံခါးရွက်များ၊ ကုန်မျိုးစုံတို့ မီးလောင်သွားပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၂၂ သိန်းဖိုးခန့်ရှိကြောင်း သိရသည်။ **(၀၂၉)**



ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက်
Set-top Box များ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် Analogue စနစ်မှDigital စနစ်သို့ ပြောင်းလဲထုတ်လွှင့်မည်ဖြစ်၍ လိုအပ်သော DVB-T2 Set-top Box များကို နိုင်ငံခြားသုံးငွေ (USD)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က) DVB-T2 Set-top Box(Free to Air) 1000000 Nos.

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၄-၂၀၁၃ရက်မှစတင်၍ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း ရုံးဖွင့်ရက်များတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၅-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီအတွင်း မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်တပ်ကုန်းရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၁၁၊ ၀၆၇-၇၉၁၃၅

အထက်မြန်မာပြည်သတင်း

သင်္ကြန်ပွဲတော်အတွင်း လည်ပတ်နေသောယာဉ်အား ဘေးဖြစ်စေသည့်အရာဝတ္ထုဖြင့် ပစ်ခတ်လျှင် အရေးယူနိုင်

မကြာမီကျရောက်လာတော့မည့် မဟာသင်္ကြန်ပွဲတော်တွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော နိုင်ငံသားအားလုံးမှ ပါဝင်ဆင်နွှဲကြမည်ဖြစ်ပါသည်။ တချို့သော ဗုဒ္ဓဘာသာဝင်များက သက်ကြီးရွယ်အိုများအား ခေါင်းလျှော်သန့်ရှင်းမှုများပြုလုပ်ပေးကြသလို တချို့မှာ ရဟန်းခံရှင်ပြု ဒုလ္လဘရဟန်းဝတ်ခြင်းနှင့် ဥပုသ်သီလ ဆောက်တည်ခြင်းဖြင့် ကုသိုလ်ယူကြပါသည်။ သို့ပါသော်လည်း အများစုမှာ သင်္ကြန်ပွဲတော်ကို ပါဝင်ဆင်နွှဲကြပါသည်။ တချို့မှာ ရေပက်မဏ္ဍပ်များတွင် ရေပက်ခြင်း၊ တချို့သော ကုမ္ပဏီများမှ မဏ္ဍပ်များတည်ဆောက်ကာ အကအခုန်သီချင်းများဖြင့် ဖျော်ဖြေမှုများ ပြုလုပ်ကြပါသည်။ တချို့သော ပြည်သူများသည် ပျော်ရွှင်မှုတစ်ရပ်အနေဖြင့် ရေထဲတွင်အမွှေးနံ့သာများ၊ ပင်ပွားများ၊ မှို့များထည့်၍ လောင်းတတ်ကြပါသည်။ တစ်ခါတစ်ရံ ရေခဲများထည့်ထားသော အေးခဲနေသည့် ရေများဖြင့်လည်း လောင်းတတ်ကြပါသည်။ ယင်းသို့ပြုလုပ်၍ ရေပက်ရာတွင် ရေပက်ခံသော ပြည်သူများအတွက် ဘေးအန္တရာယ်မဖြစ်သော်လည်း လုံခြုံမှုကို ဘေးဖြစ်စေတန်ရာသော ရည်ရွယ်ချက်ဖြင့် ဘေးဖြစ်နိုင်သော အခြားအရာဝတ္ထုတစ်ခု (ရေခဲတုံးသေးများ၊ သစ်သားစများ)ကို ရေနှင့်ရော၍ လောင်းမိလျှင် ဥပဒေအရ အရေးယူခံရနိုင်ပါသည်။ ယခုလို မဟာသင်္ကြန်ကာလမတိုင်မီ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ မြို့တော်စည်ပင်သို့မဟုတ် အုပ်ချုပ်ရေးဌာနများမှ ပြည်သူများ ထိခိုက်နစ်နာမှု မရှိရအောင် အမိန့်၊ စည်းကမ်းများ ထုတ်ပြန်လေ့ရှိကြပါသည်။

ရေထဲတွင် ခွေးလှေးယားသီး၏ အရည်၊ ရေခဲတုံးအသေး၊ အက်စစ်၊မသန့်ရှင်းသောရေ၊ သစ်တိုသစ်စများ၊ ခဲများနှင့် အခြား လူကိုဘေးအန္တရာယ်ဖြစ်စေနိုင်သော အရာဝတ္ထုတစ်ခုခုကိုရော၍ လောင်းမည်ဆိုလျှင် ဘေးအန္တရာယ်ဖြစ်စေသည်ကို သိပါလျက်နှင့် ပြုလုပ်ပါက ရာဇသတ်ကြီးအက်ဥပဒေပုဒ်မ ၂၇၉ (က)အရ တရားစွဲဆိုခံရနိုင်ပါသည်။ ယင်းဥပဒေမူရင်းအား တင်ပြရပါလျှင် ရာဇသတ်ကြီးအက်ဥပဒေပုဒ်မ ၂၇၉(က) "မည်သူမဆို ယာဉ်တစ်စီးစီးတွင် စီးနင်းလာသူတစ်ဦးတစ်ယောက်၏ လုံခြုံမှုကို ဘေးဖြစ်စေတန်ရာသော အကြံဖြင့်သော်လည်းကောင်း ထိုသို့ဖြစ်စေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း၊ အများပြည်သူဆိုင်ရာ နေရာ၌ ယာဉ်တစ်စီးစီးကို သစ်သားဖြင့်ဖြစ်စေ၊ ခဲဖြင့်ဖြစ်စေ၊ အက်စစ်ဖြင့်ဖြစ်စေ၊ အခြားအရာဝတ္ထုဖြင့်ဖြစ်စေ ပစ်ခတ်လျှင် သို့တည်းမဟုတ် ရိုက်ပုတ်လျှင် သို့တည်းမဟုတ် ထိုယာဉ်တစ်စီးစီးပေါ်၌ ထိုအရာတစ်ခုခုကို ကျစေလျှင် ထိုသူကို တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

ရခိုင်ရိုးရာသင်္ကြန်ရေသဘင် ဆင်ယင်ကျင်းပမှုသည် ယဉ်ကျေး၍စည်းကမ်းကျပြီး ဘေးအန္တရာယ်ဖြစ်စေနိုင်သော အကြောင်းတရားများ မရှိသည်ကို တွေ့ရှိရပါသည်။ နှစ်စဉ်ကျင်းပလျက်ရှိသော သင်္ကြန်ပွဲတော်အား အေးချမ်းပျော်ရွှင်စွာဖြင့် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် သတိထားပါဝင်ဆင်နွှဲကြစေလိုပါသည်။

သို့ပါသောကြောင့် သင်္ကြန်ပွဲတော်အတွင်း လည်ပတ်နေသောယာဉ်ကို ဘေးဖြစ်စေသည့် အရာဝတ္ထုဖြင့်ပစ်ခတ်ခြင်း မပြုရမိအောင် လွန်ကဲသော သတိတရားများဖြင့် ဆင်ခြင်ပါဝင်ဆင်နွှဲကြစေလိုပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ **ဦးရှိန် (ဘဏ်)**

မော်လမြိုင်မြို့မှ ကော့မွတ်ပွန်ကူးတို့ဆိပ်သို့ ငါးမိနစ်အတွင်း လျင်မြန်စွာခရီးဆက်နိုင်

ချောင်းဆုံ ဧပြီ ၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကော့မွတ်ပွန်ကျေးရွာကုလားတန်းရပ်ကွက်မှ မော်လမြိုင်မြို့သို့ စက်သမ္ဗန် ပြေးဆွဲခြင်းနှင့် ကူးတို့ဆိပ်ကွန်ကရစ်တံတား မြေနီလမ်းဖွင့်ပွဲကို ဧပြီ ၁ ရက်တွင် အဆိုပါ ကူးတို့ဆိပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က အမှာစကားပြောကြားပြီး ကော့မွတ်ပွန်အုပ်ချုပ်ရေးမှူး ဦးတင်လှက ကျေးဇူးတင်စကား ပြောကြားကာ ကွန်ကရစ်တံတားတာဝန်ခံ ဦးဝင်းမြင့်က လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

မော်လမြိုင်မြို့မှ ကော့မွတ်ပွန် ကူးတို့ဆိပ်သို့ ငါးမိနစ်အတွင်း လွယ်ကူစွာ သွားလာနိုင်ပြီး လူတစ်ဦးလျှင် ငွေကျပ် ၃၀၀၊ ဆိုင်ကယ်တစ်စီး တင်ခ ငွေကျပ် ၆၀၀ ဖြစ်ပြီး လှေထွက်ချိန်မှာ နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ပြေးဆွဲမည်ဖြစ်သည်။

ကော့မွတ်ပွန်ကျေးရွာအတွင်းပိုင်းသို့ မြေနီလမ်းပေ ၂၂၀၀ ခင်းခြင်း၊ မြစ်ဆိပ်တွင် ၁၆၅ ပေရှိသော ကွန်ကရစ်တံတား တည်ဆောက်ခြင်းဖြင့် ရှစ်လမ္ဗူ ကြာမြင့်ခဲ့ကြောင်း၊ ကူးတို့ဆိပ်မှ မော်လမြိုင်သို့ ပြေးဆွဲသော စက်တပ်သမ္ဗန် ၁၃ စင်း ပြေးဆွဲပြီး တစ်စင်းတန်ဖိုးမှာ ၁၄ သိန်း ကုန်ကျခဲ့ကြောင်း၊ လှေတစ်စင်းတွင် အသက်ကယ်အင်္ကျီသုံးထည် ပါရှိကြောင်း သိရသည်။

အဆိုပါ ကူးတို့သမ္ဗန်ဆိပ်နှင့် စက်တပ်ယာဉ် အပါအဝင် မြေနီလမ်း ကွန်ကရစ်တံတားများအား အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး သိန်း ၅၀၀ ခန့် ကုန်ကျခဲ့ကြောင်း၊ အကျိုးတူပူးပေါင်းမှု သုံးနှစ်ခန့် ဆောင်ရွက်ပြီးပါက မြို့နယ်စည်ပင်သာယာရေးသို့ လွှဲပြောင်းမည်ဖြစ်ကြောင်း သိရသည်။ **(မောင်မောင်-မုဒုံ)**

မိတ္ထီလာမြို့တွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်းစစ်ဆေး

မိတ္ထီလာ ဧပြီ ၄

မိတ္ထီလာမြို့တွင် လူစည်ကားရာနေရာများနှင့် မြို့၏အချက်အချာကျရာ မြို့တွင်းလမ်းဆုံများတွင် ဧပြီ ၆ရက် နံနက်ပိုင်းက ယာဉ်စည်းကမ်းလမ်းစည်းကမ်း လိုက်နာမှုမရှိသူများကို ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

"မော်တော်ဆိုင်ကယ် စီးနင်းသူတွေကို အဓိကထားစစ်ဆေးတာ ဖြစ်ပါတယ်။ ဆိုင်ကယ်တစ်စီး နှစ်ဦးထက်ပိုမစီးဖို့၊ ဆိုင်ကယ်စီးဦးထုပ် ဆောင်းဖို့ဆိုတဲ့ စည်းကမ်းချက်တွေလိုက်နာမှုရှိ၊ မရှိ စစ်ဆေးပြီး အရေးယူဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ရတနာမာရ်အောင်ရပ်ကွက် မိတ္ထီလာ-နေပြည်တော် ကားလမ်းမအနီးတွင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းစောင့်ရှောက်ရေးတာဝန်ထမ်းဆောင်နေသူ ဒုရဲအုပ်ထွန်းမင်းက ပြောသည်။

မိတ္ထီလာတွင် ယာဉ်မဆင်မခြင်မောင်းနှင်မှုများကြောင့် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလေ့ရှိပြီး ထိခိုက်ဒဏ်ရာရခြင်း၊ အသက်အန္တရာယ်ဆုံးရှုံးခြင်းများ ဖြစ်ပွားခြင်းတို့ကြောင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ထိန်းသိမ်းစောင့်ရှောက်ခြင်းလုပ်ငန်းများကို ၂၀၁၃ နှစ်ဦးပိုင်းမှ စတင်ပြီး သက်ဆိုင်ရာက စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ချမ်းသာ-မိတ္ထီလာ)**

ဘေးမဲ့နွားများကို ရေစကြိုမြို့ မေတ္တာစိမ့်စမ်းသို့ သွားရောက်လှူဒါန်းမည်

မုံရွာ ဧပြီ ၄

နှစ်စဉ်နှစ်ဆန်း ၁ ရက်နေ့တွင် သတ်အံ့ဆဲဆဲ နွားများ၏ အသက်ကို ကယ်တင်သည့်အနေဖြင့် ပထမလယ်တီဆရာတော်ကြီး၏ ဩဝါဒတော်အတိုင်း မုံရွာမြို့ အလယ်ရပ်ကွက် ချမ်းသာကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့၏ (၃၁)ကြိမ်မြောက် ဇီဝိတဒါန နွားဘေးမဲ့ပွဲတော်ကို ယခုနှစ်တွင်ပြုလုပ်မည်ဖြစ်သောကြောင့် နွားဘေးမဲ့ပွဲအတွက် လှူဒါန်းလိုသူများအနေဖြင့် အလှူငွေထည့်ဝင်၍ ပူးပေါင်းအသက်ကယ်တင်ကြပါရန် ဂေါပကအဖွဲ့က ဖိတ်ခေါ်ပန်ကြားထားသည်။ ယခုလာမည့် နှစ်ဆန်း ၁ ရက်နေ့တွင် မုံရွာမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပူးပေါင်း၍ သက်ဆိုင်ရာအစိုးရအဖွဲ့၏ ကူညီပံ့ပိုးမှုဖြင့် သတ်အံ့ဆဲဆဲ နွားများကို အသက်ကယ်တင်ပြီး ဘေးမဲ့နွားများကို ရေစကြိုမြို့နယ် ပန်းတိုင်းခြုံကျေးရွာ တိရစ္ဆာန်ကယ်ဆယ်စောင့်ရှောက်ရေး "မေတ္တာစိမ့်စမ်း ဘေးမဲ့ဥယျာဉ်"သို့ ပို့ဆောင် အသက်ကယ်ကြမည်ဖြစ်ကြောင်း သိရသည်။ မုံရွာမြို့အလယ်ရပ် ချမ်းသာကြီးဂေါပကအဖွဲ့အနေဖြင့် ပထမအကြိမ်မှ အကြိမ်(၃၀)မြောက်အထိ စုစုပေါင်း နွား ၅၂၃ ကောင်၏ အသက်ကို ကယ်တင်နိုင်ခဲ့ပြီး မုံရွာမြို့ အောင်ရတနာဘေးမဲ့အဖွဲ့မှ အများကောင်းမှုဖြင့် စုပေါင်းလှူဒါန်းကြသော နွားငါးကောင်နှင့် နွားစာဖိုးငွေ နှစ်သိန်းကို ချမ်းသာကြီးဘုရား နွားဘေးမဲ့အလှူခံဌာနသို့ ၁၃၇၄ ခုနှစ် နှစ်ဆန်း ၁ရက်နေ့က လှူဒါန်းခဲ့ကြောင်း သိရသည်။ နွားဘေးမဲ့ပွဲအတွက် လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့် မုံရွာမြို့ ထန်းတောရပ် ထန်းတောလူငယ်ဓမ္မာရုံနှင့် အောင်ရတနာပွဲရုံ လုပ်သားများ နွားဘေးမဲ့အဖွဲ့များတွင် လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။

မျိုးဝင်းထွန်း(မုံရွာ)

ဖယ်ခုံမြို့နယ် ကယန်းတိုင်းရင်းသားများ၏ စုပေါင်းရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

ဖယ်ခုံ ဧပြီ ၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် ကယန်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များသည် ဘာသာတရားကို ရိုသေကိုင်းရှိုင်းကြပြီး အလှူဒါနတွင် သဒ္ဓါတရားထက်သန်ကြသည်။ မြန်မာဗုဒ္ဓဘာသာဝင်များ ကဲ့သို့ စုပေါင်းရှင်ပြု အလှူပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၁ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပခဲ့သည်။**(အပေါ်ပုံ)**

အဆိုပါ ကယန်းတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ၏ စုပေါင်းရှင်ပြုပွဲတွင် မိမိတို့၏ ရင်၌ဖြစ်သော သားလှရတနာ ရှင်အပါး ၁၂၅ ပါး အား သာသနာ့ဘောင်အတွင်း သွတ်သွင်းချီးမြှင့်ခဲ့ကြောင်း သိရသည်။

(လှိုင်လင် ပြန်/ဆက်)

ရွှေရတုရက်မြတ်မင်္ဂလာဆုမွန်လွှာ

ဖေဖေ **ဗိုလ်မှူးအောင်သွင်**(ငြိမ်း) (တပ်မတော်-လေ)နှင့် မေမေ **ဒေါ်မြင့်မြင့်သွင်**တို့၏ ၈-၄-၂၀၁၃ရက်တွင် ကျရောက်သော နှစ်(၅၀)မြောက် ရွှေရတုရက်မြတ် လက်ထပ်မင်္ဂလာနေ့မှသည် နောင်နှစ်ပေါင်းများစွာ ချစ်သော သား၊ သမီး၊ မြေးများနှင့်အတူ အမျိုးဘာသာ သာသနာအကျိုး၊ လောကီလောကုတ္တရာ အကျိုးများကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး - ဒုတိယရဲမှူးကြီး သူရသွင်ကိုကို-ဒေါ်ဝါဝါခိုင်
သားလတ် - ဒေါက်တာသွင်ကျော်ကျော်(အရေပြားအထူးကုဆရာဝန်ကြီး)
သမီးကြီး - မသွင်ပပ (မြန်မာအရှေ့တိုင်းဘဏ်)
သားငယ် - ကိုသွင်အောင်အောင်- မအေးမွန်စိန်(ဗီဒီယိုဓာတ်ပုံရိုက်ကူးရေး)
သမီးငယ် - မသွင်ပို့ပို့- ကိုကျော်ကျော်(ခေတ္တ-စင်ကာပူ)

Total Skin Repair

ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်၊ အမည်းကွက်၊ အမည်းစက်၊
ချိုင့်ကွက်၊ နေလောင်ကွက်များပြုပြင်ရာဌာန

ဆိုင်(၁) မြန်မာ့ဂုဏ်ရည်အိမ်ရာ၊ (မောင်ဝိတ်ကွန်ဒို) ၄-လွှာ အခန်း(၄၀၁)၊ အောင်ဆန်းကွင်းအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉- ၂၀၅၃၁၈၆

ဆိုင်(၂) အခန်း(၀၁)၊ တိုက်(၄/၄)၊ ရန်ရှင်းလမ်းမကြီး၊ ရွှေအုန်းပင်အိမ်ရာ(၃) ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉- ၂၀၀၀၉၂၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ်တွင် တစ်နေ့တခြား တိုးတက်များပြားလာသော မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာမှုအားနည်းလျက်ရှိသလို မြို့နယ်စည်ပင်သာယာရေးဈေးကြီးအရှေ့ဘက်အဝင်တွင် စည်းကမ်းမဲ့စွာ ရပ်ထားသော ဆိုင်ကယ်များနှင့် ဈေးကြီးအတွင်း လွတ်လပ်စွာ ဆိုင်ကယ်စီးနင်းဝင်ရောက်လျက်ရှိသည်ကို လျှပ်တစ်ပြက်မှတ်တမ်းတင်ထားစဉ်။ စိုင်း(သီပေါ)

မြန်မာနိုင်ငံတောင်ပိုင်းမှ ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝနယ်မြေများ

သတင်းမှတ်စု-မင်းခန့်စိုး(ကြေးမုံ)
ဓာတ်ပုံမှတ်တမ်း-အောင်ကျော်ဝင်း(ကြေးမုံ)

တနင်္သာရီတိုင်းဒေသကြီးသည် ဧရိယာစုစုပေါင်း ၁၆၇၃၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြန်မာနိုင်ငံ တောင်ပိုင်း တနင်္သာရီကမ်းမြောင်ဒေသတွင် တည်ရှိသည်။ တနင်္သာရီတိုင်းဒေသကြီးတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နယ်မြေများအဖြစ် မော့စကော့ကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၊ တနင်္သာရီသဘာဝကြိုးဝိုင်းတို့ကို တည်ထောင်ခဲ့ပြီး တနင်္သာရီအမျိုးသားဥယျာဉ်၊ လေညာအမျိုးသားဥယျာဉ်တို့ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနယ်မြေအဖြစ် အဆိုပြုထားသည်။

မော့စကော့ကျွန်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ ကျွန်းစုများအား သဘာဝနယ်မြေအဖြစ် ၁၉၂၇ ခုနှစ်က တည်ထောင်ခဲ့ပြီး ဧရိယာ ၁၉ စတုရန်းမိုင် (၁၂၁၆၀ ဧက) ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတော၊ ဒီရေတောဂေဟစနစ်များကို ထိန်းသိမ်းထားပြီး ချေ၊ ဆတ်၊ ရေပျော်ငှက်အမျိုးမျိုးစသည့် တိရစ္ဆာန်များကို အဓိကကာကွယ်ထားသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင်တည်ရှိပြီး ဧရိယာ ၇၉ ဒသမ ၀၉ စတုရန်းမိုင် (၅၀၆၁၇ ဒသမ ၆၀ ဧက) ကျယ်ဝန်း၍ ၁၉၉၆ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဥယျာဉ်တွင် ဒီရေတော၊ အမြဲစိမ်းတောများကို ထိန်းသိမ်းထားပြီး ချေ၊ သင်းခွေချပ်၊ မျောက်မျိုးစိတ်များ၊ ရေပျော်ငှက်များ၊ ရေသတ္တဝါမျိုးစုံ၊ သန္တာကျောက်ခက်များ စသည်တို့ကို အဓိကကာကွယ်ထားသည်။ ဒီရေတော ဂေဟစနစ်၊ ရေပျော်ငှက်များနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်မျိုးစိတ်နှီးတိုက်သတ္တဝါများကို လေ့လာနိုင်ခြင်း၊ အမြဲစိမ်းတော

ဂေဟစနစ်များ လေ့လာနိုင်ခြင်း၊ သန္တာကျောက်တန်းများအား လေ့လာသုတေသနပြုနိုင်ခြင်း၊ ဆလုံမျိုးနွယ်စုများ၏ ယဉ်ကျေးမှုများကို လေ့လာနိုင်ခြင်း၊ ငါးမျိုးစိတ်နှင့် ခရုကမာမျိုးစိတ်များ လေ့လာနိုင်ခြင်း၊ အပျော်တမ်းပင်လယ်ရေငုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ခြင်း၊ ပင်လယ်ကမ်းခြေတွင် အနားယူအပန်းဖြေနိုင်ခြင်းတို့ကို ကြည့်ရှုလေ့လာပြုလုပ်နိုင်မည့် အခွင့်အလမ်းများ ရရှိမည်ဖြစ်သည်။

တနင်္သာရီသဘာဝကြိုးဝိုင်းသည် တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၆၅၆ ဒသမ ၃၇ စတုရန်းမိုင် (၄၂၀၀၇၇ ဧက) ကျယ်ဝန်း၍ ၂၀၀၅ ခုနှစ်ကတည်ထောင်ခဲ့သည်။ ယင်းသဘာဝကြိုးဝိုင်းတွင် အမြဲစိမ်းတော၊ တောင်ပေါ်တော ဂေဟစနစ်တို့ကို ထိန်းသိမ်းထားပြီး ကျား၊ ကျားသစ်၊ ဝက်ဝံ၊ ဆင်၊ ဂါနီတောင်ငုံး၊ ကြံ့သူတော်၊ ငှက်မျိုးများ စသည့် တိရစ္ဆာန်များကို အဓိကကာကွယ်ထားသည်။

တနင်္သာရီအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် တည်ရှိပြီး ဧရိယာ စတုရန်းမိုင် ၁၀၀၀ (၆၄၀၀၀၀ ဧက) ကျယ်ဝန်း၍ ၂၀၀၂ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဥယျာဉ်တွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ဒီရေတောဂေဟစနစ်တို့ကို ထိန်းသိမ်းထားပြီး ဆတ်၊ ချေ၊ တောဆိတ်၊ တောင်ဆိတ်၊ ကျားသစ်၊ တောဆင်ရိုင်း၊ ငှက်မျိုးများ စသည့် တိရစ္ဆာန်များကို အဓိကကာကွယ်ထားသည်။

လေညာအမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၆၈၂ စတုရန်းမိုင် (၄၃၆၄၈၀ ဧက) ကျယ်ဝန်း၍ ၂၀၀၂ ခုနှစ်က တည်ထောင်ခဲ့သည်။ ယင်းဥယျာဉ်ကို ၂၀၀၄ ခုနှစ်တွင် ဧရိယာ ၅၄၀ စတုရန်းမိုင် (၃၄၅၆၀၀ ဧက)ကို ထပ်မံတိုးချဲ့ခဲ့သည်။ ယင်းဥယျာဉ်တွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ဒီရေတောဂေဟစနစ်တို့ကို ထိန်းသိမ်းထားပြီး ကြံ့သူတော်၊ ဆင်၊ မျောက်၊ ချေ၊ ဆတ်၊ တောဝက်၊ ဝက်ဝံ၊ တောကြောင်၊ သင်းခွေချပ်၊ ယုန်သမင်၊ ငှက်မျိုးများ၊ ပြောင်၊ စိုင်၊ ဂါနီတောင်ငုံး စသည့် တိရစ္ဆာန်များအား အဓိကကာကွယ်ထားသည်ကို ဖော်ပြလိုက်ပါသည်။ ။

(8-4)16.pmd 1 4/6/2013, 9:38 PM

အခန်းဆက်ဝတ္ထု

နှင်းငွေတစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်



(ယမန်နေ့မှအဆက်)

သူက မွန်မွန့်ထံမှ မျက်လုံးလွှဲလိုက်ပြီး အဝေးမှ ရန်ကင်းတောင်ဆီ လှမ်းကြည့်သည်။

"မွန်မွန် ခုနင်ကပြောတယ်၊ မွန်မွန့်အတွက် တစ်လောကလုံးဟာ ပြောင်းလဲသွားပြီလို့၊ ဒီစကားကိုကြားရလို့ ဆရာ သိပ်ဝမ်းသာသွားတယ်၊ လောကကြီးဟာ မဆိုးပါဘူးဆိုတာကိုလည်း မွန်မွန် သိသွားပြီ၊ အဲဒီ လောကကြီးထဲကို မွန်မွန်ဟာ လွတ်လွတ်လပ်လပ် ဝင်တိုးကြည့်ရတော့မယ်၊ အထူးသဖြင့် ဆရာမပါဘဲ မွန်မွန့်ဘာသာ ဝင်တိုးကြည့်ရမယ်"

"ဟင် . . . ဆရာမပါဘဲ၊ အဲဒါ. . . အဲဒါ ဘာပြောတာလဲဟင်"

"ခရီးတစ်ခုဆိုပါတော့ မွန်မွန်၊ အဲဒီခရီးရဲ့ တစ်စိတ်တစ်ဒေသကို မွန်မွန်တစ်ယောက်တည်း မသွားနိုင်ဘူး၊ ဒီတော့ ဆရာက မွန်မွန့်ကိုတွဲပြီး ခေါ်လာခဲ့တယ်၊ အခု မွန်မွန့်ဘာသာ ဆက်လျှောက်ရမယ့်အပိုင်းကို ရောက်လာပြီ၊ လျှောက်လည်းလျှောက်နိုင်ပြီ၊ ဒါပေမယ့် ဆရာ့ကိုသာ ဆက်အားကိုးနေရင် မွန်မွန့်ဘာသာ ဆက်လျှောက်တော့မှာ မဟုတ်ဘူး၊ ဆရာက မွန်မွန် ဆက်လျှောက်သွားတာကို မြင်ချင်တယ်၊ အဲဒါကို မြင်ချင်လို့ပဲ ဆရာက မွန်မွန့်ကို တွဲခေါ်ကူညီခဲ့တာ မဟုတ်လား"

"ဆရာ ပြောတာ မွန်မွန် နားမလည်သေးဘူး"

"မွန်မွန်ဟာ အခက်အခဲတစ်ခုကို ဆရာ့အကူအညီနဲ့ ရုန်းကန် အနိုင်ယူခဲ့ပြီးပြီ၊ ဒီစကားကို မွန်မွန် မှတ်ထားနော်၊ အနိုင်ယူခဲ့ပြီးပြီ၊ ဟုတ်လား၊ ဒါပေမယ့် မွန်မွန် သိချင်မှ သိမယ်၊ ဆရာကတော့သိတယ်၊ မွန်မွန့်ဘဝပေါ်မှာ ဆရာ့အရိပ်ကြီးက မိုးနေသေးတယ်၊ အဲဒီအရိပ်ကလွတ်ပြီး မွန်မွန့်ဘာသာ ရှင်သန်နိုင်ရမယ်၊ မွန်မွန် နားလည်ပြီလား"

မွန်မွန်က မဖြေ။ ယခင် တွေ့ဖူးထားသည့်အတိုင်း အပေါ်နှုတ်ခမ်းလေးကို အောက်သွားနှင့်ကိုက်ပြီး ပါးစပ်စေ့ထား၏။ မျက်လုံးပြာများတွင် မျက်ရည်လဲ့လာနေ၏။

"မွန်မွန် ဆရာ မေးတာကို ဖြေပါဦး"

မွန်မွန်သည် မျက်တောင်ကော့ကြီးများကို လေးငါးကြိမ် ပုတ်ခတ်ပုတ်ခတ် လုပ်၏။

"ဆရာက ဆရာ့ကို မွန်မွန် ခွဲ. . . ခွဲ. . . သွား . . . စေချင်. . . တယ် ဟုတ်လား"

"ခွဲသွားတယ်ဆိုတဲ့ စကားကိုမသုံးဘူး မွန်မွန်၊ မွန်မွန့် အစွမ်းအစနဲ့ လမ်းလျှောက်ပြတာကို ဆရာက ကြည့်ချင်တယ်၊ အဲဒီလို ပြောမယ်"

"အဲဒါလည်း အတူတူပဲ မဟုတ်လား"

"မတူပါဘူး မွန်မွန်ရယ်၊ ခွဲသွားတယ်ဆိုတာက စွန့်လွှတ်ပစ်လိုက်တာ၊ အခုဟာက ဆရာ့မေတ္တာ စေတနာနဲ့ အားသစ်လောင်းထားရတဲ့ မွန်မွန်ဟာ ဘယ်လောက်စွမ်းတယ်ဆိုတာ စမ်းကြည့်ချင်တာ"

"အဲဒီလို မစမ်းလို့ မရဘူးလား"

"မရပါဘူး မွန်မွန်"

မွန်မွန်က သူ့မျက်လုံးများကိုတည့်တည့် စူးစိုက်ကြည့်သည်။ ရိုးရိုးအကြည့်မဟုတ်၊ တစ်စုံတစ်ရာကို ရှာဖွေသော အကြည့်။

အတန်ကြာ ကြည့်နေပြီးမှ မေး၏။

"အဲဒီလိုဆိုမှ ဆရာ စိတ်ချမ်းသာမယ် မဟုတ်လား"

"ဘာကြောင့် မွန်မွန်က အဲဒီလို မေးရတာလဲ"

မွန်မွန်သည် မျက်နှာလေးကို တစ်ဖက်သို့ လွှဲလိုက်၏။

"မွန်မွန် သိပါတယ်၊ ခုတစ်လော ဆရာက မွန်မွန့်ကို အရင်လောက် မခင်တော့ပါဘူး"

ဦးမြင့်နွယ် ထိတ်လန့်သွားသည်။ အလွန်သိမ်မွေ့ခက်ခဲသော အခြေအနေမှန်းလည်း ချက်ချင်းသတိပြုမိသည်။

ဦးမြင့်နွယ်သည် အသာအယာ ရယ်မောလိုက်သည်။ ရှမ်းရိုးမကြီးဆီ လက်ညှိုးညွှန်ပြပြီး မေး၏။

"မွန်မွန်ရေ အဲဒီ တောင်တန်းပြာပြာကြီးပေါ်မှာ ဘာရှိလဲ"

"ဘာမေးတာမှန်းမှ မသိတာ၊ မွန်မွန် ဘယ်လိုလုပ်ဖြေရမလဲ"

"ဒါဖြင့် ဆရာကပဲဖြေပါ့မယ်၊ အဲဒီပေါ်မှာလေ ပြင်ဦးလွင်ကိုသွားတဲ့ ကားလမ်းရှိတယ်၊ နှစ်ဆယ့်တစ်မိုင်စခန်းဆိုတာလည်းရှိတယ်၊ အဲဒီစခန်းမှာ ကောင်မလေးတစ်ယောက်ကို ဆရာက တွေ့ခဲ့တယ်"

မွန်မွန်က သူ့ကို မျက်မှောင်လေးကြုတ်ပြီး ကြည့်သည်။ မျက်နှာလေးမှာမူ ပြုံးရိပ်ငွေ့ငွေ့ ပေါ်နေ၏။

"အဲဒီကောင်မလေးကို ဆရာက မြင်မြင်ချင်း ခင်လိုက်ရတာ၊ သူ့ကားထဲက ပျက်တဲ့ပစ္စည်းလေးကို ဆရာက ပြင်ပေးတယ်၊ အဲဒါတောင် ကောင်မလေးက မယုံချင်တာနဲ့ ဆရာ့ပစ္စည်းလေး လဲထည့်ပေးလိုက်ရတယ်၊ တော်တော်ဆိုးတဲ့ ကောင်မလေး"

မွန်မွန်၏ မျက်နှာလေးက သိသိသာသာပြုံးလာ၏။

"အဲဒီလောက်ဆိုးတဲ့ ကောင်မလေးတစ်ယောက်ကိုများ ဆရာက ဆက်ခင်နေရသေးသတဲ့၊ ဒါတောင် အဲဒီ မမချောလေးက ဆရာ့ကို မယုံသေးဘူးတဲ့၊ ဘယ်လောက်ဆိုးတဲ့ ကောင်မလေးလဲ၊ သိလား မွန်မွန်"

"ဆိုးတဲ့ ကောင်မလေးကို ဆရာက မုန်းပစ်လိုက်ပါလား"

"အဲဒါ ခက်တာပေါ့၊ အမှန်က မုန်းပစ်လိုက်ဖို့ကောင်းတယ်၊ ဒါပေမယ့် လူကို မုန်းဖို့ နေနေသာသာ လဲယူလာတဲ့ ပစ္စည်းအပျက်လေးကိုတောင် ဆရာက သိမ်းထားရသတဲ့၊ မခက်လား"

မွန်မွန်က ရယ်တော့၏။ ရယ်ပြန်တော့လည်း ကလေးငယ်ပမာပါ။

ရယ်ပြီးမှ မွန်မွန်သည် မျက်နှာလေး ရုတ်တရက် တည်လိုက်သည်။

"ဆရာ"

"မွန်မွန်"

"မွန်မွန်က ဆရာ့ကို ယုံပါတယ်"

"တကယ်ပြောတာလား မွန်မွန်"

"တကယ်ပြောတာပေါ့၊ ဆရာကလည်း ခက်လိုက်တာ၊ ဆရာ့ကိုမယုံရင် မွန်မွန်က ဘယ်သူ့ သွားယုံရမှာလဲ"

"အဲဒီလိုဆိုရင် ဆရာ ဝမ်းသာပါတယ် မွန်မွန်"

"မာမီတို့နဲ့ လျှောက်လည်ရင်လည်း ဆရာဝမ်းသာမှာပဲပေါ့ ဟုတ်လား"

"ဟင့်အင်း"

"အို . . . ဆရာ ဝမ်းမသာဘူး"

"ဟုတ်တယ်"

"နို့ . . . ခုနတုန်းကတော့ ဆရာကပဲ မာမီတို့နဲ့လိုက်လည်ဆို"

"လိုက်လည်တာလည်း အကြောင်းမဟုတ်ဘူး၊ မလည်တာကလည်း အကြောင်းမဟုတ်ဘူး၊ ဆရာပြောတာကို မွန်မွန် သဘောမပေါက်သေးဘူး"

"ခက်တော့တာပဲ၊ မွန်မွန် ခေါင်းရှုပ်သွားပြီ"

"မရှုပ်ပါနဲ့ မွန်မွန်၊ ဆရာပြောတာက ရှင်းပါတယ်၊ ဒီလောကကြီးဟာ သာယာပါတယ်၊ နေချင့်စဖွယ်ရှိပါတယ်၊ မွန်မွန်ဟာ ငယ်ငယ်လေးရှိသေးတယ်၊ အဘက်ဘက်ကလည်း ပြည့်စုံတယ်၊ သာယာဖြောင့်ဖြူးတဲ့ အနာဂတ်က မွန်မွန့်ကို စောင့်ကြိုနေတယ်၊ အဲဒီကို မွန်မွန်သွားပါ၊ ဆရာက ခိုင်းလို့မဟုတ်ဘူး၊ မွန်မွန့် ကိုယ်ပိုင်သတ္တိ၊ မွန်မွန့် ကိုယ်ပိုင် ယုံကြည်ချက်၊ မွန်မွန့် ကိုယ်ပိုင်ရွေးချယ်ချက် အဲဒါတွေနဲ့ သွားပါ၊ အဲဒါကို ဆရာကြည့်ချင်တယ်၊ မြင်ချင်တယ်"

> "မွန်မွန်ဟာ ငယ်ငယ်လေးရှိသေးတယ်၊ အဘက်ဘက်ကလည်း ပြည့်စုံတယ်၊ သာယာဖြောင့်ဖြူးတဲ့ အနာဂတ်က မွန်မွန့်ကို စောင့်ကြိုနေတယ်၊ အဲဒီကို မွန်မွန်သွားပါ၊ ဆရာက ခိုင်းလို့ မဟုတ်ဘူး၊ မွန်မွန့် ကိုယ်ပိုင်သတ္တိ၊ မွန်မွန့် ကိုယ်ပိုင်ယုံကြည်ချက်၊ မွန်မွန့် ကိုယ်ပိုင်ရွေးချယ်ချက် အဲဒါတွေနဲ့ သွားပါ၊ အဲဒါကို ဆရာကြည့်ချင်တယ်၊ မြင်ချင်တယ်"

မွန်မွန်က ခေတ္တစဉ်းစားနေသည်။ ခဏကြာမှပြုံးပြုံးလေး ဆိုသည်။

"နိမိတ်ပုံ ခရီးပေါ့ ဟုတ်လား ဆရာ"

"ဟုတ်တယ် နိမိတ်ပုံခရီး"

"ဘာပဲဖြစ်ဖြစ် အဲဒီလိုဆို ဆရာ စိတ်ချမ်းသာမယ်ပေါ့"

"ဟုတ်တယ် မွန်မွန်"

"အဲဒီလိုဆို မွန်မွန် သွားပါ့မယ်၊ ဆရာ ကျေနပ်ပြီလား"

"ကျေနပ်ပြီ မွန်မွန်"

မွန်မွန်က သူ့ကို ပြုံးပြုံးလေး စိုက်ကြည့်သည်။ သူကလည်း မွန်မွန့်ကို ပြုံးပြီး ပြန်ကြည့်နေသည်။

မြူပြာသော ပတ်ဝန်းကျင်မှာ ဥဩသံလေး မှုန်မှုန် ထွက်ပေါ်နေသည်။

"မွန်မွန်ရေ ပြန်ကြစို့၊ အိမ်မှာ ညစာစားဦးမယ် မဟုတ်လား"

"ညစာစားပြီးရင် ဆရာ မွန်မွန့်ကို ပီယာနိုတီးပြဦးမလား"

"တီးပြမှာပေါ့ မွန်မွန်"

"နှင်းမပျောက်တဲ့မြေနော်"

"အင်း"

"နိမိတ်ပုံ သီချင်းနော်"

"အင်း"

မွန်မွန်က သူ့ကို ဘယ်လက်လေးကမ်းသည်။ ပြီးမှ ရယ်၍ ညာလက်လေးကို ပြန်ကမ်း၏။

ဦးမြင့်နွယ်က ဖြူဝင်းလှပသော လက်လေးကိုလည်း ကြည့်သည်။ အပြစ်ကင်း သန့်စင်လှသော အပြုံးလေးဖြင့် နုနယ်ပျိုမျစ်လှပသော မျက်နှာလေးကိုလည်း ကြည့်သည်။

ရင်သည် နာလာ၏။

သည်လက်လေး သည်လိုကမ်းလာနိုင်အောင် မိမိပင် စွမ်းဆောင်ခဲ့ရသည်။

သည်လက်လေးကိုကိုင်ကာ ရှည်လျားသော ရှေ့ဘဝခရီးတစ်လျှောက်အထိတော့ ကလေးကို မိမိ မခေါ်နိုင်တော့ပါ၊ ခေါ်နိုင်ခွင့်က မရှိထင်သည်။ ရှိစေဦး၊ မသင့်ထင်ပြီ။

ရင်နာလျက်က အပြုံးကို မဖျက်ရဲဘဲ ဦးမြင့်နွယ်သည် မျှော်လင့်ချက်ဖြင့် ကမ်းပေးနေရှာသူလေး၏ လက်လေးကို ယုယစွာ ကိုင်ဆွဲလိုက်ရပါလေ၏။

ရန်ကုန်မြေမှာတော့ ရွှေမိုးညိုနေသည်။ ရန်ကုန်ပြန်ရောက်ကတည်းက ဦးမြင့်နွယ်၏ ရင်မှာလွမ်းသလိုဆွေးသလို ညိုမှုန်၍ မှိုင်းရတော့သည်။

ဟို. . . ငယ်စဉ်က ကမ်းနီဆရာတော်ကြီးသင်ပြပေးခဲ့သော တရားစာကို အကြိမ်ကြိမ် ပြန်သတိရမိသည်။

အနိစ္စံသင်္ခတံ၊ ပဋိစ္စသမုပ္ပန္နံ၊ ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခပတိ။

ပဋိစ္စသမုပ္ပန္နံ - အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရား။ သင်္ခတံ - ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့သည် ပေါင်းကာ ပြုပြင်အပ်သည်ဖြစ်၍။ အနိစ္စံ - အမြဲမရှိ။ ခယဓမ္မံ - ကုန်ခြင်းသဘော ရှိ၏။ ဝယဓမ္မံ - ပျက်ခြင်းသဘောရှိ၏။ တသ္မာ - ထို့ကြောင့်။ ဝိရာဟဂဓမ္မံ - ရာဂ ကင်းခြင်းသဘောရှိသော။ နိရောဓမ္မံ - ချုပ်ငြိမ်းခြင်းသာ ရှိသော နိဗ္ဗာန်ကို။ ပဏ္ဍိတော-ပညာရှိအပေါင်းတို့သည်။ ခပတိ- နှစ်သက်မြတ်နိုးလေ၏။

သည်ဂါထာမှာတော့ ပညာရှိကို ပဏ္ဍိတဟု ယေဘုယျသဘောဖြင့် ဆိုဟန်ရှိသည်။ လယ်တီဆရာတော်ကြီးက 'ပဏ္ဍိတ'ပညာရှိနှင့် 'ဝိညူ'ပညာရှိကို ခွဲခွဲခြားခြား ပြတော်မူခဲ့သည်။ ပဏ္ဍိတ ပညာရှိမျိုးဟူသည် ထိုထို ဤဤ အလီလီရှိနိုင်သည်။

(ဆက်လက်ဖော်ပြပါမည်)

အလှူတော်မင်္ဂလာများနှင့် သံဃာတော်များအတွက် ဝိနည်းတော်နှင့်ညီသည့် လှူဖွယ်ပစ္စည်းမျိုးစုံ တစ်နေရာတည်း၌ပြည့်စုံစွာ ဝယ်ယူရရှိနိုင်သည့် ရွှေတိဂုံဘုရားအရှေ့မုခ်အနီးက

အလှူရှင်များအတွက် တစ်ခုတည်းသော ဈေးဝယ်စင်တာ (One-Stop Donor Mart)

"မြန်မာဘစ်ရှော့ ဈေးဝယ်စင်တာ"

နေ့စဉ် နံနက်(၉)နာရီမှ ည(၁၀)နာရီထိ ပိတ်ရက်မရှိ

ရဟန်းခံ-သိက္ခာထပ်-ရှင်ပြု-သီလရှင်ဝတ် အထူးဈေးရောင်းပွဲတော်

မြန်မာဘစ်ရှော့စင်တာရှိ အရောင်းဆိုင်များ

၁။ စောတီက (၁၀) ❖ ...

၂။ Myanmar Handicraft Shop ❖ ...

၃။ Big Shops Supermart ❖ ...

၄။ The Aung Bookstore ❖ ... CD, Tape, DVD ...

၅။ Beauty All - Fashion Corner ❖ ... (Men & Ladies) ၆။ Healthy All Pharmacy ❖ ...

E-mail : mbssmart@gmail.com

New Fashion Designer Group

ဝတ်စားဆင်ယင်မှု ဒီဇိုင်းပညာနှင့် စက်ချုပ်ပညာဒါနသင်တန်း
မြန်မာအမျိုးသမီးအဝမြင့်မားစေရန် ရည်ရွယ်ပြီးအမှတ်စဉ် (၃၀) သင်တန်းသားများ ခေါ်ယူခြင်း

မြန်မာနိုင်ငံတွင် အဝတ်အစားဒီဇိုင်းပညာရှင်များ အများဆုံးမွေးထုတ်ပေးနိုင်ခဲ့သော New Fashion Designer Group မှ မြန်မာအဝတ်အစားဒီဇိုင်းပညာရှင်များပေါ်ထွက်စေရေးနှင့် New Fashion Designer Group ၏ မူအတိုင်းစက်ချုပ်သူတိုင်း Designer ဖြစ်ရမည် Designer ဖြစ်သူတိုင်း ဘာသာရပ်တတ်ရမည် ... ဝတ်စားဆင်ယင်မှု Designer ပညာရှင်ကြီး ဆရာဦးတင်တိုး၏ သင်ရိုးညွှန်းတမ်းများအတိုင်း အမှတ်စဉ်(၃၀)ကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်၍ သင်တန်းတက်ရောက်လိုသူတိုင်း (၂၆-၄-၂၀၁၃)နေ့ နောက်ဆုံးထားပြီး စာရင်းပေးသွင်းရမည်ဖြစ်ပါသည်။

ဆက်သွယ်ရန် Centre (1) အမှတ်(၇၁)၊(၇၂)၊ ၁၂လမ်း၊ လမ်းမတော်မြို့နယ်၊ "လူဦးရေ ကန့်သတ်ထားသည်"

Ph: 227096, 095065569, 0973048822, 09421009210,09420062558, 0973029408

NFDG ... Design ... VCD ... 249952 240600 Ext: 4134

အဋ္ဌကထာကြေးမုံ

အဝိုဗ္ဗြိုလ်(ကြေးမုံ)ဆရာဝန်ကြီးများ -

❖ ငါကောင်းစားရေး ပြုလုပ်ခြင်းသည် အယုတ်ညံ့ဆုံး၊
❖ အများ ကောင်းစားရေးကို ပြုလုပ်ခြင်းသည် အမြင့်မြတ်ဆုံး။

မေတ္တာရှင်(ရွှေပြည်သာ) ၈

အမြင့်မြတ်ဆုံးနှင့် အယုတ်ညံ့ဆုံး

ရွှေပြည်သာ စာပေမှ ထွက်ရှိနေပါပြီ။

☎ 01-611622, 01-611457

Virgin Land Travels & Tours

သင်္ကြန်တွင်း Package ခရီးစဉ်များ (ချောင်းသာ၊ ငွေဆောင်၊ ငပလီ)
ဟိုတယ် Booking များ၊ Air Ticket များ၊ Express ကားလက်မှတ်များ၊ မြို့တွင်း၊ မြို့ပြင် ကားစီးလိုသူများအတွက်လည်း စီစဉ်ပေးပါသည်။

01-8610252, 09-5202643, 09-5123793

SKY RAY Travels & Tours

Apr -13	ကျောင်းကြီး – အင်းလေး	140,000/-
Apr -13	အသောင်းတောင်ကသာပ	160,000/-
Apr -13	ရွှေဒေ – မန္တလေး	290,000/-

Tel : 09-421000523, 09-421000524, 09-448008610

ဦးအောင်လင်း (B.E., Electronics) ရေးသားသည့် မှတ်ပုံတင်အမှတ် – ၄၁၀၃၅၅၇၀၃၁၃

Learning Windows 8 နှင့် Touch Screen Notebook အသုံးပြုနည်း

ဖြန့်ချိရေး-၀၉-၇၃၀၁၃၀၁၃၈၉၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များ၊ နေပြည်တော် - ... Student Choice၊ ...

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

(၇၈) ကြိမ်မြောက် မြောင်းမြမြို့နယ်လုံးဆိုင်ရာ သံဃာ့ဒါနဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)မှ ဦးဆောင်၍ မြောင်းမြမြို့သို့ သွားရောက်ဆွမ်းလောင်းလှူမည်ဖြစ်ရာ ကိုယ်တိုင်သွားရောက်လှူဒါန်းလိုသူများနှင့် ကိုယ်တိုင်မသွားရောက်နိုင်သော်လည်း လှူဒါန်းလိုသူများသည် အောက်ပါအမှုဆောင်များနှင့် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ လိုက်ပါသူများသည် အသင်းမှ စီစဉ်ထားသောကား၏ ကားလက်မှတ်များကို တစ်စောင်လျှင် ကျပ် ၅၀၀၀/- နှုန်းဖြင့် ကြိုတင်ဝယ်ယူနိုင်ပါသည်။

၁၆-၄-၂၀၁၃ရက် နံနက် ၇ နာရီတွင် ရန်ကုန်မှ မြောင်းမြသို့ ရေတာရှည်လမ်းဟောင်း မြောင်းမြဒေါ်ချို မုန့်ဟင်းခါးဆိုင်မှ စတင်ထွက်ပါမည်။

၁၇-၄-၂၀၁၃ရက် ည ၁၀နာရီတွင် မြောင်းမြပြည်သူ့ဆေးရုံရှေ့မှ ရန်ကုန်သို့ ပြန်လည်ထွက်ပါမည်။

ဆက်သွယ်ရန် - ဦးဝင်းကြည် ၀၁-၅၇၃၀၇၄ (ဥက္ကဋ္ဌ) မြောင်းမြမြို့နယ်အသင်း
ဦးတိုးမြင့် ၀၁-၅၈၀၁၃၀ တွဲ/အတွင်းရေးမှူး
ဒေါ်သန်းမြင့် ၀၁-၅၂၆၁၆၈ ဘဏ္ဍာရေးမှူး
ဒေါ်မြင့်မြင့်သန်း- ၀၉ ၅၀၉၄၉၁၁၊ ၀၁-၅၄၈၅၀၁ တွဲ/ဘဏ္ဍာရေးမှူး

အလုပ်အမှုဆောင်အဖွဲ့
မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)

အဆောက်အအုံဒီဇိုင်းလက်တွေ့ရေးဆွဲခြင်း
Building Design သင်တန်း ဖွင့်မည်

... Decoration ... Drafter, CAD Designer ... AutoCAD, 3Dsmax ... Civil, Archi ... Project Plan ... 3D Archi, Civil Drawing ...

PROMOTION Computer ☎ 389038 📱 0973184525

"မှော်ဘီကောင်းစေသင်တန်းအမှတ်စဉ်(၁၆)တွေ့ဆုံပွဲ"

နေ့ရက် - ၂၇-၄-၂၀၁၃(စနေနေ့)
အချိန် - ညနေ(၆း၃၀)နာရီ
နေရာ - M3 ...

ဆက်သွယ်ရန် ... (၀၉ ၄၂၀၀၈၇၅၆၅)

EMERALD MYANMAR Travels & Tours — April 13

ပုပ္ပါး–စွယ်တော်လေးဆူ–ပုပ္ပါး–ရွှေစက်တော်–မကွေး ...

Ph: 01-8505585, 09-49589762, 09-49589764, 09-421013999

YWCA

နွေရာသီအထူးသင်တန်း

လက်မှုပညာသင်တန်း(Handicraft Training)	၂၂-၄-၂၀၁၃မှ ၂၆-၄-၂၀၁၃ (၅)ရက်သင်တန်း
အခြေခံအိမ်တွင်းမှုသင်တန်း (Basic Home Management Training)	၆-၅-၂၀၁၃ မှ ၁၀-၅-၂၀၁၃ (၅)ရက်သင်တန်း
ဆက်သွယ်ရန်ဖုန်း	၀၁-၂၅၆၉၉၀/၂၄၅၆၈၀

MTI MYANMAR THAMES INTERNATIONAL

စီးပွားရေးစီမံခန့်ခွဲမှု သဘောတရားရေးပညာရပ်များကို စနစ်တကျသိရှိ တတ်ကျွမ်းလိုသူများအတွက်

Operations Management

2nd Fl, Myaynigone Plaza. Ph: 525971,501450, 706740

E.F.R Seconda Casa Beach Resort & Restaurant

ငွေဆောင်ကမ်းခြေ ရဲ့အလှအပကိုခံစားရင်း ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေနဲ့အတူ သင့်အားစောင့်ကြိုနေမယ့် E.F.R

Hot Line: (Yangon) 01-381010, 381066, 09-420266301
(Ngwe Saung) 042-40282, 40398, 09-40322843

FAME **Diarstat®**
For bacillary dysentery and diarrhea
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **Biogurt®**
Probiotic supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

အဝိုးကျိုးပေါင်းတက်ရောဂါဝေဒနာရှင်များအတွက်သတင်းကောင်း

အောင်ပါဟ ...

ဆေးကုသချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀၂၉၀၅၅

အမှတ်(၁၁၁)၊ ...၊ ရန်ကုန်မြို့။

မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၏ (၈)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးနှင့် အလုပ်အမှုဆောင် ကော်မတီဝင်အသစ် ရွေးချယ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၈ရက် (တနင်္ဂနွေနေ့)
အချိန် - မွန်းလွဲ ၁ နာရီ
နေရာ - Inya Lake Hotel(မင်္ဂလာခန်းမ)၊ ရန်ကုန်မြို့

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း
ဖုန်း-၂၁၄၉၄၁၊ ၂၁၄၉၄၅၊ ၀၉၇၃၀၅၀၇၆၁

ရွှေမင်းကံ သင်္ကြန်တရားစခန်းပွဲ

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်နယ်လှည့်ဓမ္မကထိက (သဒ္ဓမ္မဇောတိကဓဇ) ဆရာတော် ဦးကေသရ (ရွှေမင်းကံ)သည် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ ၄ ရပ်ကွက်၊ သြဇာလမ်းရှိ မိုးကုတ်ဓမ္မရိပ်သာ ရွှေမင်းကံကျောင်း၌ သင်္ကြန်တွင်း (၇)ရက်တရားစခန်းပွဲကို ဧပြီလ(၁၂/၁၃) မှ ၁၉ ရက်အထိ၊ ပဋ္ဌိစ္စသမုပ္ပါဒ်နှင့် ဒိဋ္ဌိပြုတ်အလုပ်စဉ် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ပါ၍ စခန်းဝင်လိုသော ယောဂီများ အချိန်မီ ဆက်သွယ်ကြပါရန်။

ဖုန်း-၀၁-၈၀၁၀၀၀၁၊ ၀၉-၄၉၃၀၈၆၂၃၊ ၀၉-၄၂၀၀၅၃၆၈၈

ဒုတိယအကြိမ် ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေး တရားအလုပ်စခန်းကို ဆရာကြီး ဦးငွေအောင်(မဟာသဒ္ဓမ္မဇောတိကဓဇ) ဟောပြောသင်ကြားပြသမှုအတိုင်း ၁၈-၄-၂၀၁၃ ရက်မှ ၂၁-၄-၂၀၁၃ ရက်ထိ နံနက် ၈း၃၀ နာရီမှ ၁၂း၃၀ နာရီထိ နယ်စပ်စည်ပင်ခမ္မာရုံ ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်နိုင်ပါသည်။

ထေရဝါဒဗုဒ္ဓဒေသနာနှင့်ဝိပဿနာပြန့်ပွားရေးအသင်း(ရန်ကုန်)

ရေတာရှည်(အထက) အကြိမ်(၂၀)မြောက် အာစရိယပူဇော်ပွဲ

ရေတာရှည်(အထက)၌ ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၂၁-၄-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး တွေ့ဆုံညစာစားပွဲကို ၂၀-၄-၂၀၁၃ ရက် (စနေနေ့) ညနေ ၅ နာရီတွင် ကျင်းပပါမည်။

မြန်မာပြည်အဝန်းရှိ ကျောင်းသား/သူဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဥက္ကဋ္ဌ- ဦးမောင်မောင် (ရေတာရှည်) **ဖုန်း-၀၅၄-၈၀၃၀၂၊ ၀၉-၄၂၈၂၀၇၇၇၈**
ဦးခင်မောင်သိန်း(ရန်ကုန်) **ဖုန်း-၀၉-၇၃၁၄၉၇၇၇**
ဒေါ်သန္တာ(မန္တလေး) **ဖုန်း-၀၂-၆၂၀၂၀**

ပန်းဧကရီ

မန္တလေး April (12, 13) ... ပုဂံ+ရွှေစက်တော် April (12, 13)
မောင်ကြီး April (12, 13,17) ... ရွှေလီ April (12, 13)
ပုဂံ+မောင်ကြီး April (12, 13)

09-73098523, 09-420247006, 09-49327409

09 448004288 , 09 448004289

တော်ဝင်ထွန်း + တော်ဝင်ထိပ်ထား

APR - 8, 12, 17.

Ph:095081576, 09423722000.

FAIR & SQUARE Travels and Tours Co.,Ltd.

မြန်မာသင်္ကြန်လောက်ပျော်စရာကောင်းတဲ့ပွဲတော် ကမ္ဘာမှာမရှိပါ .....

'မန္တလေးသင်္ကြန်အထူးအစီအစဉ်'

- မန္တလေးမှာ ရေတစ်ရက်ပက်မယ် ......
- ပြင်ဦးလွင် တစ်ရက် လည်မယ် ....
- စစ်ကိုင်း ၊ အမရပူရ တစ်ရက်လည်မယ် ......

သုံးညအိပ် လေးရက်ခရီး (အဆင်မြင့် ခရီးစဉ်)- 160,000/- Ks

ခရီးစဉ်ထွက်ခွာမည့်ရက် - ဧပြီလ (၁၂)ရက် / ဧပြီလ (၁၄)ရက်

Tel : 01 377688, 01 245993, 09 7300 2211, 09 7300 5511

တစ်ဦးတည်းဖြစ်ကြောင်း

ဦးနော်ဇိရ်အာမောက်၏ သား ဦးအာဒူရော်ဟိမ်း(ခ)ဦးတင်မြ(AK/ ၂၂၉၃၄၃)မှာ တစ်ဦးတည်း ဖြစ်ပါသည်။

မြေကွက်ရောင်းမည်

နေပြည်တော်၊ ပေါင်းလောင်း(၃)ရပ်ကွက်၊ ပေါင်းလောင်း(၁၈)လမ်း၊ ပေ(၄၀×၆၀) ရာဇဌာနီလမ်းမကြီးမှ ဒုတိယလမ်း၊ နေရာကောင်း ရောင်းမည်။

ဖုန်း-၀၉-၄၄၈၀၂၅၆၁၅၊ ၀၁-၆၉၁၉၄၁

28000 Ks
26000 Ks
20000 Ks

ခရုံမြို့ပြောက်
မြောက်ပိုင်း
အရှေ့ပိုင်း
တောင်ပိုင်း
ဆိပ်ကမ်းမြို့နယ်
များရှိမြေကွက်များကို
ရောင်းဝယ်ပေးမည်။
09 5039562
09 730 49875

ကယားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက် (Kayah Prosperity Company Limited)

ဖွဲ့စည်းထားပြီးဖြစ်ကြောင်း ပြည်သူသို့တင်ပြခြင်း

ကယားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်(Kayah Prosperity Co.,Ltd.)ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-၃၉၂၃/ ၂၀၁၂-၂၀၁၃ (၂၀-၁၂-၂၀၁၂)ဖြင့် အများပိုင်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီး ဖြစ်ပါသည်။

ကယားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်သည် ကယားဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်သွားမည် ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူများအတွက် အစုရှယ်ယာနှင့်ပတ်သက်သော အသေးစိတ်အကြောင်းအရာများအား ဆက်လက်အသိပေး ကြေညာသွားမည် ဖြစ်ပါသည်။

ကုမ္ပဏီ၏ရုံးခန်းကို အမှတ်-၁၉၀၊ ပြည်ထောင်စုလမ်း၊ လောခမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်တွင် ဖွင့်လှစ်မည် ဖြစ်ပါသည်။

ကယားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်
သိန်းမြင့် (မန်နေးဂျင်းဒါရိုက်တာ)
ကယားကြီးပွားတိုးတက်ရေးကုမ္ပဏီလီမိတက်

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်အမှတ် ကက-၁၃/၀၉/၀၀၃

N-3 ကိုယ်ပိုင်အထက်တန်းကျောင်း

အဆင့်မြင့်ဘော်ဒါနှင့်နေ့တက်အထူးသင်တန်းကျောင်းကြီး
(၅) တန်းမှ (၁၀) တန်းအထိ

ဦးညာဏ်လွင် (ရူပဗေဒ)
ဦးညီညီ (ဓါတုဗေဒ)
ဒေါက်တာစိုး (ဇီဝဗေဒ)

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နေရာကောင်းရရန် ယခုမှစ၍ လာရောက်လျှောက်ထားနိုင်ပါပြီ။

လိပ်ခေါင်းရောဂါရှင်များအတွက်သတင်းကောင်း

ဆေးပေးချိန် - နံနက်(၉း၀၀)နာရီမှ မွန်းတည့်(၁၂း၀၀)နာရီထိ
ညနေ(၃း၀၀)နာရီမှ ည(၆း၃၀)နာရီထိ

ဆက်သွယ်ရန်ဖုန်း - ၀၉-၇၃၀ ၂၉၇၄၅

တန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၇၈၊ မြေကွက်အမှတ်- ၁-ဝ/၂၂ ...

ညွှန်ကြားချက်အရ
ဆင်းကြူမိုး (LL.B., LL.M.)
တရားလွှတ်တော်ရှေ့နေ

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူလမ်း၊ အခန်း(၁၀၆)၊ အမှတ်(၃၅၅)တွင်တည်ရှိသော LUCKY BIRD Trading Co., Ltd. သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့၊ စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ တစ်ဦးတည်းပိုင်ကုန်အမှတ်တံဆိပ်အဖြစ် မှတ်ပုံတင်သွင်းပြီး ဖြစ်ပါသည်။

LUCKY BIRD

(၄/၁၈၂၅/၂၀၁၃)

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်ကို အရောင်အသွေးအမျိုးမျိုးအရွယ်အစားအမျိုးမျိုးဖြင့်ပြုလုပ်၍ လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံမြေ ထွက်ကုန်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းနှင့် ထပ်ဆင့်တိုးတန်ဖိုးမြှင့်သစ်အခြေခံကုန်ပစ္စည်းများ၊ တိရစ္ဆာန်ထွက်ကုန်ပစ္စည်းနှင့် တိရစ္ဆာန်အစာအစာ၊ ရေထွက်ကုန်ပစ္စည်းများ၊ ဓါတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ၊ ဓာတုဗေဒနှင့် ဓါတ်ဆေးဆိုးဆေးများ၊ စက်ရုံသုံးပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ အိမ်သုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် သုတ်ဆေးများ၊ လျှပ်စစ်နှင့်အီလက်ထရွန်နစ်ကုန်ပစ္စည်းများ၊ ယာဉ်နှင့်စက်ကိရိယာနှင့် အပိုပစ္စည်းများ၊ ကိရိယာတန်ဆာပလာအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စားသောက်ကုန်နှင့် အထွေထွေကုန်ပစ္စည်းများ၊ အထည်အလိပ်နှင့် အဝတ်အထည်များ၊ ရတ္တနာ၊ စာရေးကိရိယာနှင့် ဓာတ်ပုံပစ္စည်းများ၊ ရုံးသုံးပစ္စည်းများနှင့် ပညာရေးအထောက်အကူပြုပစ္စည်းများနှင့် Monitors, liquid crystal display (LCD), slide projector, compact disc read only memory (CD-ROM), digital video disk read only memory (DVD-ROM), compact disc read/write (CD-RW), color laser printer, scanners, digital cameras, cellular phones, modems, computers, compact discs (audio-video) computer keyboards, microphones, calculators, video game machines, video tape recorders, facsimile machines, telephones, intercoms, bar code readers, computer memories cards and sticks, electric wires and cables; batteries; battery chargers; telephone wires, note books, iPads, tablets, iPhones, Smart-Phones, e-book readers, hand sets; AC/DC adaptors; plugs, sockets and other contacts (electric connections), electric converters စသည့် ထုတ်ကုန်ပစ္စည်းများအပြင် အောက်ဖော်ပြပါ အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ် အမျိုးအစားသတ်မှတ်ချက် (၉)ပါပစ္စည်းများ ဖြန့်ဖြူးရောင်းချရာတွင်လည်း အသုံးပြုလျက်ရှိပါသည်။

Int'l Class 9: Scientific, nautical, surveying, photographic, cinematographic, optical, weighing, measuring, signaling, checking (supervision), life-saving and teaching apparatus and instruments; apparatus and instruments for conducting, switching, transforming, accumulating, regulating or controlling electricity; apparatus for recording, transmission or reproduction of sound or images; magnetic data carriers, recording discs; automatic vending machines and mechanisms for coin-operated apparatus; cash registers, calculating machines, data processing equipment and computers; fire-extinguishing apparatus

မည်သူမဆို အဆိုပါကုန်အမှတ်တံဆိပ်ကို LUCKY BIRD Trading Co.,Ltd.၏ တရားဝင်ခွင့်ပြုချက်မရဘဲ အတုပြုလုပ်ခြင်း၊ ထင်ယောင်ထင်မှားပြုလုပ်ခြင်း၊ ဆင်တူယိုးမှားပြုလုပ်ခြင်း၊ တစ်နည်းနည်းဖြင့် အတုပြုလုပ်သုံးစွဲပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးသန်းဝင်း *B.A. (Law), LL.B., LL.M*
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၆၈)
MYANMAR TRADEMARK AND PATENT LAW FIRM
အမှတ်(၅၆၇)၊ အခန်း(၃၀၄)၊ တတိယထပ်၊ ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
E-mail: mtpip@mptmail.net.mm
ဖုန်း-၃၇၆၃၀၈

ဟိန္ဒူဘာသာဝင်များနှင့် အများသိစေရန်

